# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အလွန်ကဲဆုံးချမ်းသာ**

အနာရောဂါကင်းခြင်းသည် အလွန်ကဲဆုံး လာဘ်တည်း။ ရောင့်ရဲမှုသည် အလွန်ကဲဆုံး ဥစ္စာတည်း။ ချစ်ကျွမ်းဝင်သူသည် အလွန်ကဲဆုံး ဆွေမျိုးတည်း။ နိဗ္ဗာန်သည် အလွန်ကဲဆုံး ချမ်းသာတည်း။

သုခဝဂ်(ဓမ္မပဒ-၂၀၄)


၁၃၈၆ ခုနှစ်၊ ဝါဆိုလဆန်း ၁၀ ရက် | ၂၀၂၄ ခုနှစ်၊ ဇူလိုင် ၁၅ ရက်၊ တနင်္လာနေ့ | အတွဲ (၆၃)၊ အမှတ်(၂၈၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထား ဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



# ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ရဟတ်ယာဉ်ဖြင့် သစ်စေ့မြေလုံး (Seed Balls)များ ကြဲချ

**နေပြည်တော် ဇူလိုင် ၁၄**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ယနေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် အထက်ဆင်သေကြိုးဝိုင်းအတွင်းရှိ တောနိမ့်တောပါးတောင်ကတုံးများတွင် တပ်မတော်ရဟတ်ယာဉ်ဖြင့် သစ်စေ့မြေလုံးများ ကြဲချခဲ့သည်။

၂၀၂၄ ခုနှစ်မိုးရာသီ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ဆင်သေချောင်း ရေဝေရေလဲဧရိယာအတွင်း အထက် ဆင်သေကြိုးဝိုင်း အကွက်အမှတ် ၅၆ ရှိ နေရာ ၁ နေရာ၊ ဧရိယာ ၁၀ ဒသမ ၅ ဧကတွင် ဒေသနှင့်ကိုက်ညီသော သစ်ပင်အမျိုးအစား ကိုးမျိုးဖြစ်သည့် မြန်မာကုက္ကို၊ စစ်၊ စိန်ပန်း၊ မဲဇလီ၊ ဘောစကိုင်း၊ မန်ကျည်းရှား စသည့် သစ်စေ့များဖြင့် ပြုလုပ်ထားသော သစ်စေ့မြေလုံး စုစုပေါင်း ၁၀၀၀၀၀ ကြဲချခြင်း အစီအစဉ်သို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဟန်သူ၊ နယ်မြေခံ လေတပ်စခန်းစခန်းမှူး၊ တပ်မတော်(လေ)မှ တပ်မတော်သားများ၊ သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသောင်းနိုင်ဦး၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်(မူဝါဒနှင့်စီမံကိန်း) ဦးဖေချစ်နှင့် သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး နံနက် ၉ နာရီခွဲတွင် ရဟတ်ယာဉ်ဖြင့် သစ်စေ့မြေလုံးများ ကြဲချသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖

# ခရီးသွားမြှင့်တင်ရေးတိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် ပြည်ပခရီးသွား ဝင်ရောက်မှု တိုးလာမည်



ပြည်တွင်းသို့ ဝင်ရောက်လည်ပတ်လာသည့် ပြည်ပခရီးသွားဧည့်သည်အချို့ကို တွေ့ရစဉ်။

**ရန်ကုန် ဇူလိုင် ၁၄**

ပြီးခဲ့သည့် ခရီးသွားရာသီတွင် မြန်မာနိုင်ငံသို့ ပြည်ပခရီးသွားဝင်ရောက်မှု တိုးတက်မှုရှိခဲ့ရာ ခရီးစဉ်ဒေသများတိုးချဲ့၍ ဈေးကွက်ထဲ၌ Promote လုပ်ပေးပါက လာမည့်ခရီးသွားရာသီ၌ ပြည်ပခရီးသွား ဝင်ရောက်မှု ပိုများလာနိုင်ကြောင်း မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူက သုံးသပ်ပြောကြားသည်။

"ခရီးသွားကဏ္ဍတိုးတက်ဖို့အတွက် လာမယ့်ခရီးသွားရာသီအတွင်း မြန်မာနိုင်ငံကို လာရောက်လည်ပတ်နေတဲ့ တရုတ်၊ ထိုင်းနိုင်ငံတွေက ခရီးသွားတွေ လာရောက်လည်ပတ်နိုင်ဖို့ သူတို့စိတ်ဝင်စားတဲ့ ခရီးစဉ်ဒေသတွေဖြစ်တဲ့ ဥပမာ တရုတ်လူမျိုးတွေဆိုရင် မန္တလေး၊ ထိုင်းလူမျိုးတွေဆိုရင် ရန်ကုန်၊ ပဲခူး၊ ကျိုက်ထီးရိုး၊ ဒီလိုခရီးစဉ်တွေကို စိတ်ဝင်စားကြတာများတယ်။ အဲဒါတွေကို ကျွန်တော်တို့ဘက်က တိုးချဲ့ပြီး လုံခြုံစိတ်ချအောင်လုပ်ပေးနိုင်ရင် ခရီးသွားတွေက တိုးတက်နေအုံးမှာပါပဲ။ နောက်တစ်ခါ ထိုင်းနဲ့

*စာမျက်နှာ ၃ ကော်လံ ၁* ❍


**ယနေ့ ဖတ် စ ရာ**

**အားကစားမှ နိုင်ငံတော်အတွက် အကျိုးပြုနေသည့် အချက်များ အကြောင်း တစေ့တစောင်း**

ဆောင်းပါး | စာ ၁၀

**၂၀၄၀ ပြည့်နှစ်တွင် သက်ကြီးရွယ်အိုပြုစုစောင့်ရှောက်ရေးလုပ်သား ၅၇၀၀၀၀ လိုအပ်မည်ဟု ဂျပန်အစိုးရခန့်မှန်း**

နိုင်ငံတကာသတင်း | စာ ၁၃

**ကျွန်းလှမြို့နယ်၌ ယခုနှစ် မိုးရာသီတွင် သီးနှံမျိုးစုံ ဧက ၂၄၀၀၀ ကျော် စိုက်ပျိုးပြီးစီး**

ပြည်တွင်းသတင်း | စာ ၁၆

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ၂၀၂၄ - ၂၀၂၅ ခုနှစ် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သော မိုးစပါးစိုက်တောင်သူများအား သွင်းအားစုပေးအပ်ပွဲအခမ်းအနားများသို့ တက်ရောက်ပြီး သွင်းအားစုများပေးအပ်

**ပုသိမ် ဇူလိုင် ၁၄**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မြောင်းမြမြို့နယ် မွေတော်ရှမ်းစုကျေးရွာသို့ ရောက်ရှိပြီး တောင်သူဦးတင်ဖေ၏ လယ်မြေ ဧက ၁၀၀ စံပြကွက်၌ ကောက်စိုက်စက်ဖြင့် မိုးစပါး စိုက်ပျိုးနေမှုနှင့် ကောက်စိုက်သမဖြင့် ကြိုးတန်းလက်စိုက် စိုက်ပျိုးနေမှုကိုလည်းကောင်း၊ တောင်သူ ဦးတင်ထွေး၏ လယ်မြေ၌ တတိယသီးနှံ စပါးရိတ်သိမ်းနေမှုကို လည်းကောင်း လှည့်လည်ကြည့်ရှုအားပေးကာ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

**မျိုးကောင်းမျိုးသန့်များ ရွေးချယ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် ဝါးခယ်မမြို့နယ် အူကျွန်းကျေးရွာ တောင်သူဦးကျော်ရွှေ၏ လယ်မြေ၌ ကျင်းပသည့် ၂၀၂၄-၂၀၂၅ ခုနှစ် နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သော မိုးစပါးစိုက်တောင်သူများအား သွင်းအားစုပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ မိုးစပါးစိုက်တောင်သူများနှင့် တွေ့ဆုံကာ စပါးအရည်အသွေး ကောင်းမွန်စေရေးနှင့် ပန်းတိုင်အထွက်နှုန်း ပြည့်မီစေရေးအတွက် မျိုးကောင်းမျိုးသန့်များ ရွေးချယ်၍ နည်းစနစ်တကျ စိုက်ပျိုးသွားရေးကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် ကောက်စိုက်စက်၊ လက်ဆွဲကောက်စိုက်စက်၊ စပါးမျိုးစေ့ချကိရိယာနှင့် ကြိုးတန်းလက်စိုက် စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးကာ အူကျွန်းကျေးရွာနှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာအုပ်စုများမှ တောင်သူများကို သွင်းအားစုများ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အတူ အိမ်မဲမြို့နယ် ကွင်းယားတံခွန်တိုင်ကျေးရွာအုပ်စု၌ ကျင်းပသည့် ၂၀၂၄-၂၀၂၅ ခုနှစ် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သော မိုးစပါးစိုက်တောင်သူများအား သွင်းအားစုပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်သာယာဝပြောရေး၊ စားရေရိက္ခာဖူလုံရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှု အခြေအနေနှင့် တောင်သူများအနေဖြင့် ဓာတ်မြေဩဇာသုံးစွဲမှုများကို လျှော့ချ၍ ကုန်ကျစရိတ် များစွာသက်သာစေမည့် သဘာဝမြေဩဇာများ သုံးစွဲရေးကိစ္စရပ်များကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။

**စိုက်ပျိုးရေးဇုန်နှစ်ခု အကောင်အထည်ဖော်**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း ကြခင်းစနစ်များ ပပျောက်ရေး၊ စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးတက်စေရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ သီးထပ်စွမ်းအား တိုးတက်စေရေးနှင့် မိုးစပါးစိုက်ပျိုးရာသီ ပြီးစီးပါက ဆီထွက်သီးနှံ စိုက်ပျိုးရေးဇုန်နှစ်ခု အကောင်အထည်ဖော် စိုက်ပျိုးသွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့က နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် မိုးစပါးစိုက်ပျိုးဆောင်ရွက်သည့် တောင်သူများကို သွင်းအားစုဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်ပြီး တောင်သူဦးညွန့်သိန်း၏ လယ်မြေရှစ်ဧက၌ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ထည့်သွင်းထွန်ယက်နေမှု၊ ကောက်စိုက်စက်၊ လက်ဆွဲကောက်စိုက်စက်၊ စပါးမျိုးစေ့ချကိရိယာဖြင့် မိုးစပါးစိုက်ပျိုးနေမှုနှင့် ကြိုးတန်းလက်စိုက်စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် မိုးစပါးစိုက်တောင်သူများအား သွင်းအားစုများ ထောက်ပံ့ပေးအပ်စဉ်။

---

○ *ရှေ့ဖုံးမှ*

တရုတ်ဆိုရင်လည်း မန္တလေးတစ်ခုတည်းနဲ့သာ မဟုတ်ဘဲ ပုဂံအထိလည်ဖို့အတွက် ခရီးစဉ်တိုးချဲ့တာမျိုးတွေ လုပ်သင့်တယ်။ အဲဒါမျိုးဆိုရင် ခရီးသည်တွေ ပိုတိုးလာမယ်လို့ ထင်ပါတယ်။ ပြီးတော့ ထိုင်းနိုင်ငံခရီးသွားတွေကိုလည်း အရင်ကလို ရန်ကုန်နဲ့ ပဲခူးလောက်ပဲ သွားနေရာကနေ ပုဂံလောက်အထိ သွားနိုင်ဖို့အတွက် ခရီးစဉ်တွေတိုးချဲ့ပြီး ဈေးကွက်ထဲမှာ promote လုပ်ဖို့ လိုပါတယ်၊ အဲဒီအတွက်ကို ဒီကနေပြီးတော့ ဘန်ကောက်ကနေ မန္တလေးသို့မဟုတ် ပုဂံကို လေယာဉ်တိုက်ရိုက်ပြေးဆွဲတာတို့ဆိုရင် အဲဒီနိုင်ငံသားတွေက လာရောက်ဖို့ရှိပါတယ်။ လုံခြုံရေးအရ ကောင်းမွန်တဲ့နေရာတွေကို promote လုပ်သင့်ပါတယ်၊ အဲဒါဆိုရင် ခရီးသည်က တိုးလာဖို့ရှိပါတယ်” ဟု ၎င်းကဆိုသည်။

လက်ရှိကာလ၌ မြန်မာနိုင်ငံသို့ ပြည်ပခရီးသွားဝင်ရောက်မှုအနေဖြင့် တရုတ်နိုင်ငံမှ ဝင်ရောက်မှု အများဆုံးရှိနေပြီး ထိုင်းနိုင်ငံနှင့် အနောက်နိုင်ငံများမှ ခရီးသွားဝင်ရောက်မှုမှာ မိုးရာသီကာလတွင် ခရီးသွားဝင်ရောက်မှု လျော့နည်းသွားကြောင်း သိရသည်။

“ပြည်ပခရီးသွားဝင်ရောက်မှုက ပုံမှန်အားဖြင့် နည်းသွားတယ်လို့ပြောရမှာပဲ။ သင်္ကြန်ပြီးကာလမှ စပြီးတော့ နည်းနည်း နည်းလာတယ်။ တရုတ်နိုင်ငံခရီးသွားတွေကတော့ ထိုက်သင့်သလောက်ရှိနေသေးပေမယ့် ကျန်တဲ့နိုင်ငံတွေက ခရီးသည်၊ အနောက်နိုင်ငံက ခရီးသည်တွေကတော့ ပုံမှန်အားဖြင့်နည်းသွားပြီ။ နောက်တစ်ခါ ထိုင်းနိုင်ငံက ခရီးသွားတွေလည်း နည်းသွားပါတယ်။ အခုလက်ရှိမှာတော့ ပြည်ပနိုင်ငံခရီးသွားဝင်ရောက်မှုအနေဖြင့် တရုတ်နိုင်ငံက ခရီးသွားဝင်ရောက်မှု အများဆုံးရှိနေတယ်။ ထိုင်းနိုင်ငံသားတွေလည်း ဝင်ရောက်မှုအချို့ရှိတယ်။ ပြီးတော့ ဒီနိုင်ငံတွေက ထိစပ်နေတာအပြင် စီးပွားရေးလုပ်ငန်းတွေမှာလည်း ပူးပေါင်းဆောင်ရွက်မှုတွေ အများကြီးရှိနေတဲ့အတွက် လာရောက်မှုတွေများနေပါတယ်”ဟု ယင်းက ပြောဆိုသည်။

ပြည်တွင်းမှလည်း ထိုင်းနိုင်ငံသို့သွားရောက်မှု အများဆုံးဖြစ်နေပြီး စင်ကာပူနိုင်ငံသို့လည်း အလည်အပတ်ကိစ္စအပြင် စီးပွားရေးကိစ္စဖြင့် သွားရောက်မှုများရှိနေကြောင်း ပြောကြားသည်။

“သွားနေတဲ့ခရီးစဉ်တွေ အနေနဲ့ကတော့ ထိုင်းနိုင်ငံကို အများဆုံးသွားဖြစ်တယ်။ စင်ကာပူတို့၊ ဘာတို့ကိုလည်း အလည်အပတ်နဲ့ရော၊ စီးပွားရေးကိစ္စနဲ့ပါ သွားကြတဲ့သူတွေလည်းရှိပါတယ်။ အချို့စီးပွားရေးလုပ်ငန်းတွေက မိုးရာသီမှာ သူတို့အလုပ်တွေပါးတာမျိုးရှိတော့ ပြည်ပကိုမိသားစု လိုက်သွားတာမျိုးတွေရှိပါတယ်”ဟု ၎င်းက ပြောသည်။

ပြီးခဲ့သည့် ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ ၂၀၂၄ ခုနှစ် မတ်လအထိ ခြောက်လတာကာလ ပွင့်လင်းရာသီကာလအတွင်း မြန်မာနိုင်ငံသို့ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ခရီးသွားဝင်ရောက်မှုများစွာရှိခဲ့ပြီး အခြားနိုင်ငံများမှ ခရီးသွားဝင်ရောက်မှုလည်း ပိုများလာသည်ကိုတွေ့ရကြောင်း သိရသည်။

**MT**

---

## ခန္တီးမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများ ပေးအပ်

**နေပြည်တော် ဇူလိုင် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ချင်းတွင်းမြစ်ရေမြင့်တက်ကာ ခန္တီးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများအတွင်းသို့ မြစ်ရေဝင်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ခန္တီးမြို့နယ်အတွင်းရှိ ပေါမိုင်းရပ်ကွက်၊ အခြေခံပညာအထက်တန်းကျောင်း (ခန္တီး)၊ ဇီးဖြူကုန်းရပ်ကွက်၊ အခြေခံပညာအလယ်တန်းကျောင်း (ဇီးဖြူကုန်း)၊ နာဂရိုးရာကွင်း၊ ဖေယျာသုခဘုန်းတော်ကြီးကျောင်း၊ နှစ်ချင်းခရစ်ယာန် အသင်းတော်ခရစ်ယာန်ကျောင်း၊ ဆင်သေကျေးရွာ၊ အမှတ်(၄)ရပ်ကွက်နှင့် နန်းမုံကျေးရွာတို့ရှိ ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများနှင့် သောက်ရေသန့်များ ထောက်ပံ့ပေးအပ်ကာ လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

## ပဲခူးတိုင်းဒေသကြီး မြို့နယ်ပေါင်းစုံစားပွဲတင်တင်းနစ် ဖိတ်ခေါ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**ပဲခူး ဇူလိုင် ၁၄**

ပဲခူးတိုင်းဒေသကြီး မြို့နယ်ပေါင်းစုံ စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းက ပဲခူးမြို့ တိုင်းဒေသကြီးအားကစားခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်ပေါင်းစုံ အမျိုးသား/ အမျိုးသမီး ဆုရရှိသူများကို တိုင်းဒေသကြီး ဥပဒေချုပ် ဦးခင်မောင်တင့်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနေမျိုးလွင်၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသောင်းရွှေနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ ပြိုင်ပွဲကို မြို့နယ်ပေါင်းစုံမှ ကျား၊ မ စုစုပေါင်း ၃၃ ဦးတို့က ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**ကိုတွတ်(ပြန်/ဆက်)**

---

❖ *ရှေ့ဖုံးမှ*

သစ်စေ့မြေလုံးပြုလုပ်ရန် သစ်မျိုးရွေးချယ်ရာတွင် အပင်ပေါက်ရောက်မှုနှုန်း အနည်းဆုံး (၆၀ ရာနှုန်း) နှင့် အများဆုံး (၉၀ ရာနှုန်း) ပေါက်ရောက်ပြီး အပင်ပေါက်ရောက်မှုရာခိုင်နှုန်း ကောင်းမွန်သည့် မြန်မာကုက္ကို၊ စစ်၊ စိန်ပန်း၊ မဲဇလီ၊ ဘောစကိုင်း၊ မန်ဂျန်ရှား စသည့်သစ်မျိုး ကိုးမျိုးကိုသာ ရွေးချယ်ဆောင်ရွက်ခြင်းဖြစ်ပြီး သစ်စေ့အရွယ်အစားအရ သစ်စေ့မြေလုံး တစ်လုံးလျှင် သစ်စေ့ နှစ်စေ့မှ ငါးစေ့အထိ ထည့်သွင်းဆောင်ရွက်ခဲ့သည်။

သစ်စေ့မြေလုံး ကြဲချစိုက်ပျိုးခြင်းသည် ကုန်ကျစရိတ်သက်သာခြင်း၊ လူအင်အားအနည်းငယ်ဖြင့် ဧရိယာကျယ်ဝန်းစွာ စိုက်ပျိုးဆောင်ရွက်နိုင်ခြင်း၊ သွားလာရန်ခက်ခဲသည့် တောင်ကုန်း၊ တောင်တန်းများတွင် ရဟတ်ယာဉ်များဖြင့် ဆောင်ရွက်နိုင်ခြင်း၊ အချိန်တိုအတွင်း ဧရိယာကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ခြင်းတို့ကြောင့် ပျိုးပင်ဖြင့် စိုက်ပျိုးခြင်းကဲ့သို့ ရှင်သန်အောင်မြင်မှု အထိုက်အလျောက် ထိရောက်မှုရှိပါကြောင်းနှင့် ၂၀၂၄ ခုနှစ် မိုးရာသီတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်ရှိ ဆင်သေချောင်း ရေဝေရေလဲဒေသအတွင်း သစ်စေ့ကြဲချခြင်း အောင်မြင်ရှင်သန်မှုအခြေအနေများကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် နမူနာကွက်များ ပြုလုပ်၍ အပင်ပေါက်ရောက်မှုကာလနှင့် သစ်စေ့မျိုးအလိုက် ပေါက်ရောက်ရှင်သန်နိုင်မှုအခြေအနေစာရင်း ကောက်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ဒုတိယအကြိမ် ဘင်းမ်စတက်နိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ



နေပြည်တော် ဇူလိုင် ၁၄

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ဇူလိုင် ၁၁ ရက်မှ ၁၂ ရက်အထိ ကျင်းပခဲ့သည့် ဒုတိယအကြိမ် ဘင်းမ်စတက်နိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးသို့ တက်ရောက်ခဲ့သည့် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံသို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။

အဆိုပါ မြန်မာကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ရန်ကုန်မြို့ အိန္ဒိယနိုင်ငံသံရုံးတို့မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုခဲ့ကြသည်။ သတင်းစဉ်

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ရန်ကုန်မြို့ အိန္ဒိယနိုင်ငံသံရုံးတို့မှ တာဝန်ရှိသူများက ကြိုဆိုစဉ်။

## စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၅၄၁၅ ကျပ်ဖြစ်

နေပြည်တော် ဇူလိုင် ၁၄

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီ တင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီ အနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဇူလိုင် ၁၅ ရက်မှ ၂၁ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၅၄၁၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း အပါအဝင် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm ၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

သတင်းစဉ်




နေပြည်တော် တပ်ကုန်းမြို့ မြို့မဈေး သမဝါယမအသင်း၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာသင်းလုံးကျွတ် အစည်းအဝေးကို ဇူလိုင် ၁၄ ရက်က မြို့မဈေးမဏ္ဍပ်ရုံ၌ကျင်းပရာ အသင်းသားများ၏ စုဆောင်းငွေပေါ် အကျိုးမြတ်ငွေ ၂၈ သိန်းကျော်အား အသင်းဥက္ကဋ္ဌ ဦးအောင်ဆန်းက အသင်းသား ကိုယ်စားလှယ် တစ်ဦးထံ ပေးအပ်စဉ်။ မောင်ကျော်ကြီး

## ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် သာယာဝတီခရိုင်အတွင်း စိုက်ပျိုးစွမ်းအား ဘက်စုံမြှင့်တင်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်

သာယာဝတီ ဇူလိုင် ၁၄



ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ဇူလိုင် ၁၃ ရက် နံနက်ပိုင်းက သာယာဝတီခရိုင်အတွင်း စိုက်ပျိုးစွမ်းအား ဘက်စုံ မြှင့်တင်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်သည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် သာယာဝတီမြို့နယ် သင်တောရိုးကျေးရွာအုပ်စု၌ တစ်ကွင်းတစ်ဆက်တည်း ဧက ၅၀ လက်ဆွဲ ကောက်စိုက်စက်ဖြင့် တောင်သူသရုပ်ပြ YSR-1 မျိုးသန့်မျိုးစေ့ထုတ် မိုးစပါးစိုက်ပျိုးနေမှုအား သွားရောက်ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် လက်ပံတန်းမြို့နယ် ကြို့ပင်စခန်းကျေးရွာအုပ်စု ကညင်တန်းလမ်း၌ တိုင်းဒေသကြီး အစိုးရအဖွဲ့၏အစီအစဉ်ဖြင့် လမ်းဝဲ/ယာတွင် အရိပ်ရပြီး စားသုံးနိုင်သည့် ပေါက်ပန်းဖြူ၊ မန်ကျည်း၊ ကြောင်လျှာ၊ သခွတ်ပင်များ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာလမ်းများ၊ ကုန်ထုတ်လမ်းများအားလုံး မိုးတွင်းကာလအပြီး သစ်ပင်များ စိုက်ပျိုးသွားကြရန် တာဝန်ရှိသူများကို မှာကြားသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မင်းလှမြို့နယ် ဝက်လှကြီး ကျေးရွာအုပ်စု၌ လက်ဆွဲကောက်စိုက်စက်ဖြင့် တစ်ကွင်းတစ်ဆက်တည်း ဧက ၅၀ YSR-1 မျိုး မိုးစပါး စိုက်ပျိုးနေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မိုးညိုမြို့နယ် ပတ်တော်ကျေးရွာအုပ်စု မြစ်သာကျွန်းကျေးရွာ၌ တစ်ကွင်းတစ်ဆက်တည်း ဆီထွက်သီးနှံ မိုးနှမ်းဧက ၅၀ စိုက်ပျိုးထားရှိမှုကို ကွင်းဆင်းကြည့်ရှု အားပေးသည်။ ယင်းနောက် မိုးညိုမြို့နယ်အတွင်း ဧရာဝတီမြစ်နှင့် မြစ်သာမြစ်အကြား မြစ်ရေမြင့်တက်မှုကြောင့် ရေကြီးနစ်မြုပ်မှု အခြေအနေအား ကွင်းဆင်းကြည့်ရှုပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မိုးညိုမြို့နယ်၊ ရေတားတာကြံ့ခိုင်မှုနှင့် ရေကင်းများ ချထားမှု အခြေအနေများကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးပြီး ရေကျော်နိုင်သည့် နေရာများအား သဲအိတ်များဖြင့် ရေဘောင်မြှင့်တင်ခြင်းလုပ်ငန်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်၊ ရေတားတာ၏ ကြံ့ခိုင်မှု စဉ်ဆက်မပြတ်စောင့်ကြည့်စစ်ဆေးရန် တာဝန်ရှိသူများအား မှာကြားသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မိုးညိုမြို့နယ် လက်ပံတန်း- မိုးညို-နတ်တလင်း လမ်းပေါ်ရှိ ဘုရားဖြူချောင်းဖြတ် မြစ်သာတံတား သံဘောင်ဘေလီ သစ်သားကြမ်းခင်းတံတား ကြံ့ခိုင်မှုအားနည်းနေ၍ သံကူကွန်ကရစ်တံတားသစ် ပြန်လည်တည်ဆောက်ပေးနိုင်ရေး သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး သံပေါင်ဘေလီများအားပြန်လည်အသုံးပြုနိုင်ရေး စနစ်တကျ ဖြုတ်ယူသိမ်းဆည်းရန်နှင့် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ တည်ဆောက်နိုင်ရေး မှာကြားခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## ကသာမြို့၌ စားအုန်းဆီများ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးလျက်ရှိ

ကသာ ဇူလိုင် ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နေ ဒေသခံပြည်သူများ စားအုန်းဆီကို ပြင်ပပေါက်ဈေးထက် ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်ရန်အတွက်၊ ကသာခရိုင် ကုန်ဈေးနှုန်းတည်ငြိမ်ရေးလုပ်ငန်းအဖွဲ့၏ ကြီးကြပ်မှုဖြင့် စားအုန်းဆီများကို မြို့တော်ခန်းမ၌ ဇူလိုင် ၁၂ ရက်က ရောင်းချပေးသည်။

စားအုန်းဆီများ ရောင်းချပေးရာတွင် လူတစ်ဦးလျှင် စားအုန်းဆီ ၅၀ ကျပ်သားကို ကျပ် ၃၄၅၀ နှုန်းဖြင့် မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများထံ လက်ဝယ်အရောက် ရောင်းချပေးခဲ့ပြီး စားအုန်းဆီရောင်းချပေးနေမှုကို ခရိုင်ကုန်ဈေးနှုန်းတည်ငြိမ်ရေးလုပ်ငန်းအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ရဲဝင်းလွင်နှင့် အဖွဲ့ဝင်များက ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ ကသာခရိုင် ကုန်ဈေးနှုန်းတည်ငြိမ်ရေး လုပ်ငန်းအဖွဲ့၏ ကြီးကြပ်မှုဖြင့် ကသာမြို့နယ်၌ ဝန်ထမ်းများအား ၁၈ ကြိမ်၊ ဒေသခံပြည်သူများအား ၂၆ ကြိမ်၊ နိုင်ငံ့ဝန်ထမ်းပင်စင်စားများအား တစ်ကြိမ်၊ မြို့ပေါ်ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ သုံးကြိမ် စုစုပေါင်း ၄၈ ကြိမ် ဆီများ ရောင်းချပေးခဲ့ပြီးဖြစ်ကြောင်း ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့မှ သိရသည်။

လူအောင်(ကသာ)



ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဖွံ့ဖြိုးမှုမျှဝေခြင်းအတွက် ကမ္ဘာလုံးဆိုင်ရာ ဆောင်ရွက်ချက်ဖိုရမ်၏ ဒုတိယအကြိမ် အဆင့်မြင့်ညီလာခံ တက်ရောက်စဉ်။


ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်သောအဖွဲ့နှင့် တရုတ်နိုင်ငံ နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (CIDCA) ဥက္ကဋ္ဌ H.E. Mr. Luo Zhaohui တို့ ဆွေးနွေးစဉ်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ဖွံ့ဖြိုးမှုမျှဝေခြင်းအတွက် ကမ္ဘာလုံးဆိုင်ရာဆောင်ရွက်ချက်ဖိုရမ်၏ ဒုတိယအကြိမ် အဆင့်မြင့်ညီလာခံသို့တက်ရောက်ခဲ့ပြီး ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိ

**ရန်ကုန် ဇူလိုင် ၁၄**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (China International Development Cooperation Agency–CIDCA) ၏ ဖိတ်ကြားချက်အရ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ပေကျင်းမြို့၌ ဇူလိုင် ၁၁ ရက်မှ ၁၃ ရက်အထိ ကျင်းပသည့် ဖွံ့ဖြိုးမှုမျှဝေခြင်းအတွက် ကမ္ဘာလုံးဆိုင်ရာ ဆောင်ရွက်ချက်ဖိုရမ်၏ ဒုတိယအကြိမ် အဆင့်မြင့်ညီလာခံ (Second High–Level Conference of the Forum on Global Action for Shared Development) ကို တက်ရောက်ခဲ့သည်။

အဆိုပါ ညီလာခံသို့ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်၊ ဗဟိုနိုင်ငံခြားရေးရာကော်မရှင်ရုံးအကြီးအကဲနှင့် နိုင်ငံခြားရေးဝန်ကြီး Mr. Wang Yi ၊ တရုတ်နိုင်ငံ နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (CIDCA) ဥက္ကဋ္ဌ H.E. Mr. Luo Zhaohui၊ ဖိတ်ကြားထားသော အာရှနိုင်ငံများ၊ လက်တင်အမေရိကနိုင်ငံများ၊ အာဖရိကနိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းအသီးသီးမှ အဆင့်မြင့်ကိုယ်စားလှယ်များ၊ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများမှ အဆင့်မြင့်အရာရှိကြီးများနှင့် ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကြပြီး မြန်မာကိုယ်စားလှယ်အဖွဲ့နှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်မောင်ဆွေနှင့် ကိုယ်စားလှယ်နှစ်ဦးတို့ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း ဇူလိုင် ၁၁ ရက် ညနေပိုင်းတွင် တရုတ်နိုင်ငံ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (CIDCA)မှ တည်ခင်းဧည့်ခံသည့် ကြိုဆိုဂုဏ်ပြုခြင်း အထိမ်းအမှတ် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

ဖိုရမ် ပထမနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး အဆိုပါဖွင့်ပွဲအခမ်းအနား အပိုင်း – ၁ ၏ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန် ပူးပေါင်းချိတ်ဆက်ဆောင်ရွက်မှုများ (Joint Actions to Promote the Sustainable Development) ခေါင်းစဉ်ဖြင့် ကျင်းပခဲ့သည့် အပြန်အလှန်ဆွေးနွေးခြင်း အစီအစဉ်တွင် ပြည်ထောင်စုဝန်ကြီးအနေဖြင့် အီဂျစ်နိုင်ငံ၊ အီသီယိုးပီးယားနိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ တန်ဇန်းနီးယားနိုင်ငံ၊ ပါပူအာနယူးဂီနီနိုင်ငံတို့မှ ဝန်ကြီးများ၊ အာရှအခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုဘဏ် (AIIB) မှ ဒုတိယဥက္ကဋ္ဌ၊ အမေရိကန်ပြည်ထောင်စု ကိုလံဘီယာတက္ကသိုလ်မှ ဆင်းရဲမှုပပျောက်ရေးပညာရှင် (ပါမောက္ခ/ညွှန်ကြားရေးမှူး) တို့နှင့်အတူ ပါဝင်ဆွေးနွေးခဲ့သည်။

ဇူလိုင် ၁၂ ရက် ညနေပိုင်းတွင် ဖွံ့ဖြိုးမှုမျှဝေခြင်းအတွက် ကမ္ဘာလုံးဆိုင်ရာ ဆောင်ရွက်ချက်ဖိုရမ်၏ ဒုတိယအကြိမ် အဆင့်မြင့်ညီလာခံသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီး အပါအဝင် နိုင်ငံအသီးသီးမှ အဆင့်မြင့်ကိုယ်စားလှယ် ၁၄ ဦးတို့သည် ပြည်သူ့ခန်းမကြီး (Great Hall of the People) သို့ သွားရောက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကွန်မြူနစ်ပါတီ အကြိမ် (၂၀) မြောက် ဗဟိုကော်မတီနိုင်ငံရေးဗျူရို၏ အမြဲတမ်းပါတီအဖွဲ့ဝင်၊ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် H.E. Mr. Ding Xuexiang အား တွေ့ဆုံ၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံက ဦးဆောင်နိုင်ငံအဖြစ် ဆောင်ရွက်မည့် ကမ္ဘာ့ဖွံ့ဖြိုးမှုနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုမျှဝေရေးဆိုင်ရာ လုပ်ငန်းစဉ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ဇူလိုင် ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ဖွံ့ဖြိုးမှုမျှဝေခြင်းအတွက် ကမ္ဘာလုံးဆိုင်ရာ ဆောင်ရွက်ချက်ဖိုရမ်၏ ဒုတိယအကြိမ် အဆင့်မြင့်ညီလာခံ (Second High–Level Conference of the Forum on Global Action for Shared Development) အား ဖိုရမ်ခွဲ ၅ ခု ဖြစ်သည့်– ကမ္ဘာ့တောင်ခြမ်း ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ခေတ်မီဖွံ့ဖြိုးမှုကို မြှင့်တင်ခြင်း – လမ်းကြောင်းသစ်၊ အမြင်သစ် (Promoting Modernization of the Global South: New Pathways, New Visions)၊ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်မြှင့်တင်ရန် ဆန်းသစ်သောနည်းလမ်းများဆိုင်ရာ ဆွေးနွေးပွဲ – ပိုမိုကောင်းမွန်သော အနာဂတ်အတွက် နိုင်ငံ၊ ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာဆောင်ရွက်ချက်များ (Dialogue on Innovative Approaches to Accelerating Sustainable Development: Country, Regional and Global Action for a Better Future)၊ စွမ်းအင်အကူးအပြောင်းနှင့် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု၊ (Energy Transition and Sustainable Development) အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုတွင် ကဏ္ဍစုံမှ ပါဝင်ချိတ်ဆက်ဆောင်ရွက်မှု– စဉ်ဆက်မပြတ် မိတ်ဖက်ဆောင်ရွက်မှုမှတစ်ဆင့် ကမ္ဘာလုံးဆိုင်ရာတိုးတက်မှုဖြစ်စေရေး (Multi–Sector Engagement in International Development Cooperation: Enabling Global Growth Through Sustainable Partnership) နှင့် မျိုးဆက်များစည်းလုံးခြင်း– ဒစ်ဂျစ်တယ်ခေတ် ကမ္ဘာလုံးဆိုင်ရာ လူငယ်များ၏ တာဝန်များမျှဝေခြင်း (Uniting Generations: Shared Global Youth Responsibilities in the Digital Era) ခေါင်းစဉ်တို့ဖြင့် တက်ရောက်လာသည့် နိုင်ငံများနှင့် ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။



ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇူလိုင် ၁၃ ရက် နံနက်ပိုင်းတွင် ကမ္ဘာလုံးဆိုင်ရာ ဆောင်ရွက်ချက်ဖိုရမ်၏ ဒုတိယအကြိမ်အဆင့်မြင့်ညီလာခံ (Second High–Level Conference of the Forum on Global Action for Shared Development) ၏ ပိတ်ပွဲအခမ်းအနားသို့လည်း ပါဝင်တက်ရောက်ခဲ့သည်။

ဇူလိုင် ၁၃ ရက် မွန်းလွဲပိုင်းတွင် တရုတ်နိုင်ငံ နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (China International Development Cooperation Agency – CIDCA) ဥက္ကဋ္ဌ H.E. Mr. Luo Zhaohui က ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား သီးခြားလက်ခံတွေ့ဆုံခဲ့ပြီး တရုတ်–မြန်မာနှစ်နိုင်ငံအကြား ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**အပြန်အလှန်ဆွေးနွေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သောအဖွဲ့နှင့် CIDCA ဒုတိယဥက္ကဋ္ဌ Mr. Yang Weiqun ဦးဆောင်သောအဖွဲ့သည် နှစ်နိုင်ငံဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းများ အကောင်အထည်ဖော်မှု လုပ်ငန်းစဉ်နှင့် လုပ်ဆောင်ချက်များကို အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိရာ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ စီးပွားရေးသံမှူး Mr. OUYANG Daobing တို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (ဝဲပုံ)

**သတင်းစဉ်**

# ရွှေတောင်မြို့နယ်ရှိ ကိုယ်လုံပညာနှင့် ခါးသိုင်းသင်တန်းအား ကြည့်ရှုအားပေး

**ရွှေတောင် ဇူလိုင် ၁၄**

ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်စိုးစိုးသက်သည် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နန်းမြင့်သီတာနှင့် အဖွဲ့ဝင်များသည်ရွှေတောင်မြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာန မြို့နယ်အားကစားခန်းမတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူးဖွင့်လှစ်သည့် ကိုယ်လုံပညာနှင့်ခါးသိုင်းသင်တန်းသို့ ယနေ့မွန်းလွဲပိုင်းက လာရောက်ကြည့်ရှုအားပေးသည်။

ထိုသို့ ကြည့်ရှုအားပေးရာတွင် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက အမျိုးသမီးများအား ကိုယ်ခံပညာသင်တန်းများ ဖွင့်လှစ်ပေးရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားခဲ့ပြီး သင်တန်းသူများက မြန်မာ့သိုင်း အခြေခံ(၆၃) ဘောင်း၊ မြန်မာ့ခါးလမ်းကြောင်း ကိုးချက်နှင့် ဂျူဒိုအခြေခံ ကျနည်း ခုနစ်မျိုး၊ အခြေခံကျွမ်းထိုးနည်းနှင့် ဂျူဒိုအခြေခံ ပေါက်နည်း စနစ်များကို လက်တွေ့သရုပ်ပြသခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်စိုးစိုးသက်က သင်တန်းသူများအား ဂုဏ်ပြုချီးမြှင့်ငွေကျပ် တစ်သိန်း ပေးအပ်ပြီး တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နန်းမြင့်သီတာက ဂုဏ်ပြုချီးမြှင့် ငွေကျပ် နှစ်သိန်းကို ထောက်ပံ့ပေးအပ်ရာ သင်တန်းသူများက လက်ခံရယူသည်။ **မြို့နယ်(ပြန်/ဆက်)**



## အာဇာနည်ဗိမာန်သို့ လာရောက်ဂါရဝပြုမည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလှံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ ပန်းစည်း/ ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များ ယူဆောင်၍ အာဇာနည်ဗိမာန်အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျ တပ်ဆင်ရန်။
- သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျ လက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ဗဟန်းမြို့နယ်၊ လင့်ခ်လမ်းတွင် ကိုယ်အပူချိန်တိုင်းတာခြင်း အပါအဝင် ကျန်းမာရေးဆိုင်ရာစစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ် စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန် (နိုင်ငံသားစိစစ်ရေးကတ် (သို့မဟုတ်) ဝန်ထမ်းကတ် (သို့မဟုတ်) ကျောင်းသားကတ် (သို့မဟုတ်) ကိုယ်ရေးအချက်အလက် စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း အပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- အာဇာနည်ဗိမာန်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- အာဇာနည်ဗိမာန် ရင်ပြင်ပေါ်တွင် ဂါရဝပြုသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြား၍ (၁) ကြိမ်လျှင် (၁၀) ဦးစီဖြင့် သတ်မှတ်နေရာတွင် ဂါရဝပြုအလေးပြုရန်နှင့် ပြန်လည်ထွက်ခွာရာတွင်လည်း တစ်ဦးနှင့်တစ်ဦး (၆) ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေး အသိပေးချက်၊ သတိပေးချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရန်။
- သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ (လုံးဝ) လာရောက်ခြင်း မပြုရန်။
- ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းစသည့် ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ) လာရောက်ခြင်းမပြုရန်။
- အစုလိုက် အလေးပြုသည့်အချိန်အား (၁၀) မိနစ်ထက် ပိုမကြာစေရန်။

## အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်မည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလှံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ ပန်းစည်း/ ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/သံပိုက်များ ယူဆောင်၍ အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး)အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျ တပ်ဆင်ရန်။
- သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျ လက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ဗိုလ်တထောင်မြို့နယ်၊ သိမ်ဖြူလမ်းနှင့် မဟာဗန္ဓုလလမ်းဆုံ၊ သိမ်ဖြူလမ်းနှင့် အနော်ရထာလမ်းဆုံတို့တွင် ယူဆောင်ခွင့်မပြုသော ပစ္စည်း (၁၀) မျိုး စစ်ဆေးခြင်း၊ အတွင်းဝန်ရုံး(ဝန်ကြီးများရုံး)ဝင်ပေါက်တွင် ကိုယ်အပူချိန်တိုင်းတာခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ် စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန် (နိုင်ငံသားစိစစ်ရေးကတ် (သို့မဟုတ်) ဝန်ထမ်းကတ်(သို့မဟုတ်) ကျောင်းသားကတ်(သို့မဟုတ်) ကိုယ်ရေးအချက်အလက် စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/ Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ကိုယ်အပူချိန်မြင့်ခြင်း (အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး) တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး) သို့ လာရောက်လေ့လာသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆) ပေခြား၍ စီတန်းပြီး ပြတိုက်အတွင်း ခွင့်ပြုသည့်အရေအတွက်အတိုင်း ဝင်ရောက်လေ့လာရန်နှင့် တစ်ဦးနှင့်တစ်ဦး (၆) ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေး အသိပေးချက်၊ သတိပေးချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရန်။
- သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်း မပြုရန်။
- ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းစသည့် ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်။

## ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်မည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလှံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ ပန်းစည်း/ ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/သံပိုက်များ ယူဆောင်၍ ဗိုလ်ချုပ်အောင်ဆန်း ပြတိုက်အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask) များ မပျက်မကွက် စနစ်တကျ တပ်ဆင်ရန်။
- သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျ လက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းနှင့် ဗိုလ်ချုပ်ပြတိုက်လမ်းဆုံတွင် ယူဆောင်ခွင့်မပြုသော ပစ္စည်း (၁၀) မျိုး စစ်ဆေးခြင်း၊ Body Search ပြုလုပ်ခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်း အပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ် စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန် (နိုင်ငံသားစိစစ်ရေးကတ် (သို့မဟုတ်) ဝန်ထမ်းကတ် (သို့မဟုတ်) ကျောင်းသားကတ်(သို့မဟုတ်) ကိုယ်ရေးအချက်အလက် စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း အပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- ဗိုလ်ချုပ်အောင်ဆန်းပြတိုက်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်လေ့လာသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆) ပေခြား၍ စီတန်းပြီး ပြတိုက်အတွင်း ခွင့်ပြုသည့်အရေအတွက်အတိုင်း ဝင်ရောက်လေ့လာရန်နှင့် တစ်ဦးနှင့်တစ်ဦး (၆) ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေး အသိပေးချက်၊ သတိပေးချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရန်။
- သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်း မပြုရန်။
- ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းစသည့် ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်။



## (၇၇)နှစ်မြောက် အာဇာနည်နေ့အကြို ဟောပြောပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ကဗျာနှင့် ဆောင်းပါးပြိုင်ပွဲကျင်းပ

**တောင်ကြီး ဇူလိုင် ၁၄**

ရှမ်းပြည်နယ် တောင်ကြီးမြို့၌ အခြေခံပညာဦးစီးဌာနမှ ကျင်းပပြုလုပ်သည့် (၇၇) နှစ်မြောက် အာဇာနည်နေ့အကြို ဟောပြောပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ကဗျာနှင့် ဆောင်းပါးပြိုင်ပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက တောင်ကြီးမြို့ အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ် (၅) အခြေခံပညာအထက်တန်းကျောင်းတို့တွင် ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်လွင်မာဝင်းက အာဇာနည်နေ့သမိုင်းကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ ဗိုလ်ချုပ် အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အတ္ထုပ္ပတ္တိများကို အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက လည်းကောင်း ဟောပြောကြပြီး (၇၇) နှစ်မြောက် အာဇာနည်နေ့အကြို ခင်းကျင်းပြသထားသော နံရံကပ်စာစောင်များကို ကြည့်ရှုလေ့လာခဲ့ကြကြောင်းနှင့် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းတွင် စာစီစာကုံးပြိုင်ပွဲ၊ ကဗျာနှင့် ဆောင်းပါးပြိုင်ပွဲများ ကျင်းပခဲ့ကြောင်း သိရသည်။ **စိုင်းသန်းကျော်(တောင်ကြီး)**

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားခြင်းနှင့်ပတ်သက်၍ တုံ့ပြန်ဆောင်ရွက်ထားရှိမှုများအား သတင်းထုတ်ပြန်ခြင်း

(၁၄ - ၇ - ၂၀၂၄)၊ ည (၈:၀၀) နာရီ

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ဝမ်းပျက်ဝမ်းလျှောရောဂါ လက္ခဏာများဖြင့် လူနာအချို့ဆေးရုံတက်ရောက်မှုများနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာန၏ အနီးကပ် ကြီးကြပ်ပံ့ပိုးမှုနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန်ပံ့ပိုးမှုတို့ဖြင့် ကွင်းဆင်းအဖွဲ့များသည် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိရာ (၁၃-၇-၂၀၂၄) ရက်နေ့၊ ည (၆:၀၀) နာရီမှ (၁၄-၇-၂၀၂၄)ရက်နေ့၊ ည (၆:၀၀)နာရီအထိ (၂၄) နာရီအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံများတွင် ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ လူနာသစ် (၇၇) ဦးရှိခဲ့ပြီး ၎င်းတို့အနက် (၁၉) ဦးမှာ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားသူ လူနာများဖြစ်ကြောင်းနှင့် လူနာအားလုံး၏ အခြေအနေမှာ သက်သာကောင်းမွန်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ (၁၄-၇-၂၀၂၄)ရက်နေ့တွင် ရောဂါသက်သာပျောက်ကင်းသည့်လူနာ (၆၆) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သဖြင့် (၁၄-၇-၂၀၂၄) ရက်နေ့၊ ညနေ (၆:၀၀) နာရီအထိ ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက်ခဲ့သော လူနာစုစုပေါင်း (၅၂၁) ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီး ဖြစ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား ဆက်လက်အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်း ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်အချို့တွင် ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားနေမှုနှင့်ပတ်သက်၍ သာကေတမြို့နယ်နှင့် မြောက်ဥက္ကလာပမြို့နယ်တို့တွင် ကွင်းဆင်းကြီးကြပ်



ရန်ကုန် ဇူလိုင် ၁၄

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်းသည် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်မြင့်သန်း ဦးဆောင်သောဗဟိုကွင်းဆင်းအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကွင်းဆင်းအဖွဲ့များနှင့်အတူ ယမန်နေ့နံနက်ပိုင်းက သာကေတမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ သွားရောက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ် စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက သာကေတမြို့နယ်အတွင်း လက်ရှိ ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားနေမှုနှင့်ပတ်သက်၍ ရောဂါဖြစ်ပွားမှုအခြေအနေ၊ အချိန်နှင့်တစ်ပြေးညီ သတင်းအချက်အလက်ရရှိရေး၊ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ဆောင်ရွက်ထားရှိမှုများ၊ ထပ်မံတိုးမြှင့် ဆောင်ရွက်ရန် လိုအပ်သည်များ၊ သာကေတမြို့နယ်အတွင်း သောက်ရေ၊ သုံးရေ ရရှိရန် ဆောင်ရွက်နေမှု၊ ရောဂါ ကာကွယ် ထိန်းချုပ်ရေးအတွက် လိုအပ်သည့် ဆေးပစ္စည်းများ ပြတ်လပ်မှုမရှိစေရေး၊ ပြည်သူလူထုအတွင်း ဝမ်းပျက်ဝမ်းလျှောရောဂါနှင့်ပတ်သက်၍ ကျန်းမာရေး အသိပညာပေးလုပ်ငန်းများ တိုးမြှင့် ဆောင်ရွက်ရေးတို့ကို အလေးထား လုပ်ဆောင်ရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် သာကေတမြို့နယ် အနော်မာ (၂) ရပ်ကွက်တွင် ရေကောင်းရေသန့်ရရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် ပတ်သက်၍ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အတူ ဗဟို၊ တိုင်းဒေသကြီးနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကွင်းဆင်းအဖွဲ့များသည် မြောက်ဥက္ကလာပမြို့နယ် (၂) ရပ်ကွက်သို့ ကွင်းဆင်းကြီးကြပ်ရာ အဆိုပါရပ်ကွက်ရှိ နေအိမ်များတွင် ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ရပ်ကွက်အတွင်း သောက်သုံးရေ ရရှိသုံးစွဲနေမှု အခြေအနေတို့နှင့်ပတ်သက်၍ ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက ရပ်ကွက်အတွင်း ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျန်းမာရေး ဝန်ထမ်းများနှင့်အတူ အခြားဌာနဆိုင်ရာများ၊ ပရဟိတအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ပေးကြရန် မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇူလိုင် ၁၄ - နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီး တစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။ ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေသည်။

**မိုး/ဇလ**

## အာဇာနည်ဗိမာန်၊ အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)နှင့် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်မည့် ပြည်သူများ ယူဆောင်ခွင့်မပြုသည့် ပစ္စည်း (၁၀) မျိုးစာရင်း




## အာဇာနည်ဗိမာန်၊ အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)နှင့် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်မည့် ပြည်သူများ Drone ယာဉ်များ ယူဆောင်လာခြင်း၊ လွှတ်တင်ခြင်း မပြုလုပ်ရန် ကြိုတင်အသိပေးကြေညာချက်



# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ၂၀၂၃-၂၀၂၄ ခုနှစ် နွေစပါး စံကွက်ရိတ်သိမ်းပွဲနှင့် ၂၀၂၄-၂၀၂၅ ခုနှစ် မိုးစပါး နိုင်ငံ့စီးပွားမြှင့်တင်ရေးစီမံကိန်းဖြင့် သွင်းအားစုများပေးအပ်ခြင်း အခမ်းအနားတက်ရောက်

**နေပြည်တော် ဇူလိုင် ၁၄**

၂၀၂၃-၂၀၂၄ ခုနှစ် နွေစပါး စံကွက်ရိတ်သိမ်းပွဲနှင့် ၂၀၂၄-၂၀၂၅ ခုနှစ် မိုးစပါးနိုင်ငံ့စီးပွားမြှင့်တင်ရေး စီမံကိန်းဖြင့် သွင်းအားစုများပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပျဉ်းမနားမြို့နယ် မယ်ဇလီကုန်းကျေးရွာ တောင်သူ ဦးကျော်ဇော်လင်း၏ GW 11 ဧက ၅၀၀ စိုက်ခင်း အနီးရှိ ရှင်းလင်းဆောင်၌ ကျင်းပရာ နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော် ကောင်စီဝင်များ၊ နေပြည်တော်အဆင့်ဌာနဆိုင်ရာ များ၊ ဒေသခံတောင်သူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက စိုက်ပျိုးသီးနှံများကို လျာထားသည့် သီးထပ်စွမ်းအားတိုးတက်ရေးအတွက် စနစ်တကျစီမံဆောင်ရွက်ပြီး စိုက်ပျိုးစွမ်းအားများ တိုးတက်အောင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လယ်ယာကဏ္ဍကို အပြည့်အဝ အကောင်အထည်ဖော်နိုင်မှသာ ပြည်တွင်းစားရေရိက္ခာ ပေါများလာမည့်အပြင် ပိုလျှံစွာ ထွက်ရှိလာသည့် ထုတ်ကုန်များမှ ပြည်ပပို့ကုန်များရရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများကို အခြေခံသည့် ပြည်ပဝင်ငွေများ ရရှိမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး ကုန်ကြမ်းများကို အခြေခံသည့် ပြည်ပပို့ကုန်များအဖြစ် ကုန်ချောများတင်ပို့နိုင်ရေး ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် နေပြည်တော်ကောင်စီဝင်များက တောင်သူများကို ၂၀၂၄-၂၀၂၅ ခုနှစ် မိုးစပါး နိုင်ငံ့စီးပွားမြှင့်တင်ရေး စီမံကိန်းဖြင့် သွင်းအားစု သဘာဝမြေဩဇာများနှင့် ဓာတ်မြေဩဇာများကို ပေးအပ်ကြသည်။

ဆက်လက်၍ တောင်သူများက လက်ရှိစိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးသည်။



ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မယ်ဇလီကုန်းကျေးရွာ တောင်သူ ဦးကျော်ဇော်လင်း၏ GW 11 ဧက ၅၀၀ စိုက်ခင်း အတွင်း GW 11 နွေစပါး စံကွက်ရိတ်သိမ်းခြင်း၊ ချိန်တွယ်ခြင်းများကို ကြည့်ရှုအားပေးရာ**(အပေါ်ပုံ)** တစ်ဧက အစိုထွက်နှုန်းအနေဖြင့် ၂၂၄ ဒသမ ၂၆ တင်းထွက်ရှိပြီး အခြောက်ထွက်နှုန်းအနေဖြင့် ၁၉၅ ဒသမ ၅၅ တင်း ထွက်ရှိကြောင်း သိရသည်။

**ထွန်းထွန်းဝင်း (ပြန်/ဆက်)**




# ဥပဒေအကြံဉာဏ်ပေးရာတွင် မှန်ကန်ပြည့်စုံစွာ အကြံဉာဏ်ပေးနိုင်ရမည်ဖြစ်ပြီး အဂတိတရားကင်းရှင်းကြရန်လည်း လိုအပ်

**နေပြည်တော် ဇူလိုင် ၁၄**

ဥပဒေရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦးသည် ယနေ့နံနက် ၁၀ နာရီက တိုင်းဒေသကြီးအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ် ဥပဒေအရာရှိများနှင့် ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး ဥပဒေချုပ် ဦးအုန်းသန်း၊ ဥပဒေရေးရာဝန်ကြီးဌာန ဥပဒေအကြံဉာဏ်ပေးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နိုင်၊ တရားစွဲနှင့် အမှုလိုက် ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဇော်ထွေး၊ တိုင်းဒေသကြီးအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ် ဥပဒေရုံးများမှ ဥပဒေအရာရှိများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် တိုင်းဒေသကြီး ဥပဒေချုပ်က တနင်္သာရီတိုင်းဒေသကြီးအတွင်းမှ ဥပဒေရုံးများ၏ အခြေအနေများကို ဆွေးနွေးတင်ပြရာ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်က ဥပဒေရေးရာဝန်ကြီးဌာန၏ ဆောင်ပုဒ်ဖြစ်သော "ဥပဒေပညာသည် အကျင့်သိက္ခာနှင့် ပြည့်စုံသော ပညာဖြစ်သည်" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ဥပဒေအရာရှိများသည် ဥပဒေပညာသာမက အကျင့်သီလနှင့် ပြည့်စုံရန်လည်း လိုအပ်ကြောင်း၊ ဥပဒေပညာဖြင့် နိုင်ငံတော်နှင့် အများပြည်သူ အကျိုးကို ဆောင်ရွက်ပေးနိုင်ရန်လည်း ကြိုးပမ်းအားထုတ်ရမည်ဖြစ်ကြောင်း၊ ဥပဒေအကြံဉာဏ်ပေးရာတွင် မှန်ကန်ပြည့်စုံစွာ အကြံဉာဏ်ပေးနိုင်ရမည်ဖြစ်ပြီး အဂတိတရား ကင်းရှင်းကြရန်လည်း လိုအပ်ကြောင်း၊ အမှုကိစ္စများအတွက် အကြံပေးခြင်း၊ အမှုလိုက်ပါဆောင်ရွက်ခြင်းပြုရာတွင် ဥပဒေနှင့်အညီ မှန်မှန်ကန်ကန် ဆောင်ရွက်ကြရန် ဖြစ်ကြောင်း၊ ဥပဒေအသိပညာ ပြန့်ပွားရေးနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနက မဟာဗျူဟာချမှတ်ဆောင်ရွက်လျက်ရှိရာ ဥပဒေအသိပညာ ပြန့်ပွားရေးလုပ်ငန်းကို စဉ်ဆက်မပြတ် ဆောင်ရွက်ရန်ဖြစ်ကြောင်း ပြောကြားပြီး လိုအပ်သည်များကို မှာကြားသည်။**(အပေါ်ပုံ)**

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နိုင်နှင့် ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဇော်ထွေးတို့က လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# နိုင်ငံရေးပါတီ(၂၃)ပါတီ၏ ပူးတွဲသဘောထား ထုတ်ပြန်ချက်နှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၁၄**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နယ်မြေဒေသများအတွင်း မြောက်ပိုင်းမဟာမိတ် (၃) ဖွဲ့ (MNDAA/ TNLA/ AA) နှင့် ယင်းအဖွဲ့အစည်းများကို ကူညီဆက်စပ်၊ ပါဝင်ပတ်သက်နေသော အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များက အပြစ်မဲ့ပြည်သူများအား သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ် မဟုတ်သော အများပြည်သူနေထိုင်ရာ မြို့ကြီးများအား အဝေးမှ လက်နက်ကြီးများ၊ Drop Bomb များဖြင့် ပစ်ခတ်ခြင်း၊ ၎င်းတို့နှင့် လူမျိုးမတူသူ တိုင်းရင်းသားမျိုးနွယ်စုများအား ၎င်းတို့ထိန်းချုပ်ထားသည့် နယ်မြေဒေသအတွင်းမှ ခြိမ်းခြောက်နှင်ထုတ်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နေကြခြင်း အပေါ် နိုင်ငံရေးပါတီ (၂၃)ပါတီက ဇူလိုင် ၁၁ ရက်တွင် ပူးတွဲသဘောထား ထုတ်ပြန် ကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။

အဆိုပါ ပူးတွဲသဘောထား ထုတ်ပြန် ကြေညာချက်နှင့် စပ်လျဉ်း၍ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ ဒီမိုကရက်တစ်ပါတီ၊ ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေး အဖွဲ့ချုပ်ပါတီနှင့် အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီတို့မှ တာဝန်ရှိသူများက သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး ပါတီဌာနချုပ်ရုံး၌ ကျင်းပသည်။

သတင်းစာ ရှင်းလင်းပွဲတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ပြောရေးဆိုခွင့်ရှိသူ ဦးလှသိန်း က လတ်တလောနိုင်ငံအတွင်းဖြစ်ပွားနေသည့် အကြမ်းဖက်မှုများ အမြန်ဆုံး ချုပ်ငြိမ်း၍ တိုင်းပြည်ဖွံ့ဖြိုး တိုးတက်ရေး အတွက် ဆောင်ရွက်သင့်သည်များကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသည့် မီဒီယာများက ၎င်းတို့ သိရှိလိုသည်များကို မေးမြန်းကြရာ ပါတီများမှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

**သတင်းစဉ်**



❍ ကျောဖုံးမှ

အသင်းတို့ ပွဲချိန်အတွင်း နှစ်ဂိုးစီသရေကျနေသဖြင့် ပယ်နယ်တီဖြင့် ဆုံးဖြတ်ရာ 7 Brother အသင်းက သုံးဂိုး-ဂိုးမရှိ၊ စုစုပေါင်း ငါးဂိုး - နှစ်ဂိုးဖြင့်လည်းကောင်း၊ ကြယ်စင်လင်းအသင်းနှင့် Sar Bal Gyi Doh အသင်းတို့ ပွဲချိန်အတွင်း လေးဂိုးစီသရေကျနေသဖြင့် ပယ်နယ်တီဖြင့်ဆုံးဖြတ်ရာ Sar Bal Gyi Doh အသင်းက လေးဂိုး-နှစ်ဂိုး၊ စုစုပေါင်း ရှစ်ဂိုး-ခြောက်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိသည်။

ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဇူလိုင် ၁၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး 7 Brother အသင်းနှင့် Marga အသင်း၊ Sar Bal Gyi Doh အသင်းနှင့် RPG အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MFF**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဇူလိုင် ၁၄**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ဟိုင်းကြီးကျွန်းမြို့တွင် ၆ ဒသမ ၁၀လက်မ၊ ကျိုက္ခမီမြို့တွင် ၅ ဒသမ ၇၅ လက်မ၊ မုဒုံမြို့တွင် ၄ ဒသမ ၀၆ လက်မ၊ ဘားအံမြို့တွင် ၃ ဒသမ ၈၅ လက်မ၊ ထားဝယ်မြို့တွင် ၃ ဒသမ ၆၆ လက်မ၊ ကျိုက်မရောမြို့တွင် ၃ ဒသမ ၃၅ လက်မ၊ လပွတ္တာမြို့တွင် ၂ ဒသမ ၉၉ လက်မ၊ ချောင်းဆုံမြို့တွင် ၂ ဒသမ ၈၀ လက်မ၊ မော်လမြိုင်မြို့တွင် ၂ ဒသမ ၇၆ လက်မနှင့် ကော့သောင်းမြို့တွင် ၂ ဒသမ ၄၄ လက်မတို့ ဖြစ်ကြသည်။

စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။

**မိုး/ဇလ**

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် မုံရွာမြို့ အေးသာယာရပ်ကွက်ရှိ မီးဘေးသင့် ပြည်သူများအား ထောက်ပံ့ငွေများပေးအပ်

**မုံရွာ ဇူလိုင် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၁၀ ရက်က မုံရွာမြို့ အေးသာယာရပ်ကွက် အောင်မြေလောကကျောင်းတိုက်ရှိ ဝါဆိုဓမ္မာရုံကြီး၌ ဇူလိုင် ၉ ရက် ည ၁၀ နာရီခွဲခန့်တွင် ပေါ့ဆမီးကြောင့်မီးလောင်မှု ဖြစ်ပွားခဲ့သည့် အေးသာယာရပ်ကွက်ရှိ မီးဘေးသင့်ပြည်သူများနှင့် တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က နှုတ်ဆက်အားပေးစကား ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မီးဘေးသင့်အိမ်ထောင်စု ၃၂ စု၊ အိမ်ခြေ ၁၇ အိမ်၊ လူဦးရေ ၁၂၃ ဦးတို့အတွက် ကိုယ်စားလှယ်နှစ်ဦးထံ ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ကြာဆံများနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့က တစ်အိမ်လျှင် ငွေကျပ် သုံးသိန်းနှုန်းဖြင့် အိမ် ၁၇ အိမ်အတွက် စုစုပေါင်း ငွေကျပ် ၅၁၀၀၀၀၀ ကို လည်းကောင်း(ယာပုံ)၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များက စားသောက်ဖွယ်ရာများကို လည်းကောင်း၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနမှ ထောက်ပံ့ပေးအပ်သည့် အိမ်ဆောက်ပစ္စည်း၊ ဆန်ရိက္ခာဖိုး ငွေကျပ် ၃၆၅၈၃၀၀နှင့် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးပါပုံးများအား မီးဘေးသင့်ပြည်သူများထံ ထောက်ပံ့ပေးအပ်ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာမြို့အားချင်းတွင်းမြစ်ရေ ဝင်ရောက်မှုအခြေအနေနှင့် မြစ်ရေဝင်ရောက်မှုမရှိစေရေးအတွက် ဌာနဆိုင်ရာများနှင့် ရပ်ကွက်နေပြည်သူများက ချင်းတွင်းမြစ်ရိုးတစ်လျှောက် ရေထိန်းတာပေါင်များကို အဆင့်မြှင့်တင် ဆောင်ရွက်နေမှုများနှင့် ရေစိမ့်ဝင်သည့်နေရာများကို သဲအိတ်များဖြင့် ကာရံနေမှုများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို



တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးကာ ချင်းတွင်းမြစ်ရိုးတစ်လျှောက် ရေထိန်းတာပေါင်များ ကြံ့ခိုင်မှုရှိစေရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကယားပြည်နယ်အစိုးရအဖွဲ့ ဌာနဆိုင်ရာဝန်ထမ်းများနှင့်တွေ့ဆုံ ထောက်ပံ့ငွေပေးအပ်

**လွိုင်ကော် ဇူလိုင် ၁၄**

ကယားပြည်နယ်အစိုးရအဖွဲ့က လွိုင်ကော်မြို့သို့ ဇွန်လနှင့် ဇူလိုင်လအတွင်း ပြန်လည်တာဝန် ထမ်းဆောင်ရန် ရောက်ရှိလာသည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့်တွေ့ဆုံ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက မြို့နယ်ခန်းမ၌ ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင် / မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်ကြသည်။



ရှေးဦးစွာ တက်ရောက်လာကြသည့် ဌာနဆိုင်ရာဝန်ထမ်းများက မိမိတို့ဌာနအလိုက် မိတ်ဆက်ခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က မိမိတို့ ပြည်နယ်အနေဖြင့် အကြမ်းဖက် သောင်းကျန်းသူများ၏ အဖျက်အမှောင့် ဆောင်ရွက်မှုများကြောင့် ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ နောက်ကျခဲ့ရကြောင်း၊ ယခုအခါ နယ်မြေတည်ငြိမ်အေးချမ်းမှုရရှိလာပြီ ဖြစ်သည့်အတွက် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ပြန်လည်ဆောင်ရွက်ရမည့် အချိန်ဖြစ်ကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဝန်ထမ်းများ ပြန်လည်တာဝန် ထမ်းဆောင်နိုင်ရေးအတွက် ဦးစားပေးအဆင့်အလိုက် ခေါ်ယူခဲ့ပြီး ဝန်ထမ်းများ၏ လုံခြုံရေး၊ နေထိုင်စားသောက်ရေးကိစ္စများနှင့် ပတ်သက်၍ စနစ်တကျ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းတာဝန်များ ပြန်လည်ထမ်းဆောင်ရာတွင် **ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်** ဆိုသည့် ဆောင်ပုဒ်ကို အမြဲနှလုံးသွင်း၍ ဝန်ထမ်းစည်းမျဉ်း စည်းကမ်းများနှင့်အညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားလိုကြောင်း၊ ပြည်နယ်၏ ဒေသဖွံ့ဖြိုးရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း ကျရာအခန်းကဏ္ဍအလိုက် တက်ညီလက်ညီဖြင့် ကြိုးစားဆောင်ရွက်ပေးကြရန်နှင့် အခက်အခဲများ ရှိပါက ပွင့်ပွင့်လင်းလင်းတင်ပြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက ဝန်ထမ်းများ လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားခြင်း၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးက ဝန်ထမ်းများ နိုင်ငံ့ဝန်ထမ်း ဥပဒေ၊ နည်းဥပဒေနှင့်အညီ လုပ်ငန်းတာဝန်များ ထမ်းဆောင်နိုင်ရေးနှင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စများအား ရှင်းလင်းပြောကြားခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လွိုင်ကော်မြို့သို့ ဇွန်လနှင့်ဇူလိုင်လအတွင်း ပြန်လည်တာဝန်ထမ်းဆောင်ရန် ရောက်ရှိလာသည့် ဌာနဆိုင်ရာအသီးသီးမှ ဝန်ထမ်း ၅၅ ဦးအတွက် ထောက်ပံ့ငွေ(ဝဲပုံ)နှင့် အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်ခဲ့ရာ တက်ရောက်လာကြသည့် ဝန်ထမ်းများ ကိုယ်စားဌာနဆိုင်ရာများမှ ကိုယ်စားလှယ်များက လက်ခံရယူကြသည်။

ယင်းထောက်ပံ့ပေးအပ်ပွဲတွင် ကယားပြည်နယ်အစိုးရအဖွဲ့က ပြန်လည်တာဝန်ထမ်းဆောင်ရန် ရောက်ရှိလာသည့် နိုင်ငံ့ဝန်ထမ်းများအတွက် စုစုပေါင်း ထောက်ပံ့မှု တန်ဖိုးငွေကျပ် ၅၆၂၀၂၀၀၀ ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

◆ *ကျောဖုံးမှ*

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၄ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေခြင်းနှင့် တောင်တရုတ်ပင်လယ်ပြင်ရှိ လေဖိအားနည်းဆဲလ်မှ ရွေ့လျားလာသော တိမ်တိုက်များကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကိုကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်း လေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေး နှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**



# မိုးရာသီသစ်ပင်စိုက်ပျိုး၊ ပြုစုထိန်းသိမ်းရေး ဥက္ကံမြို့၌ ပညာပေးဟောပြော

**တိုက်ကြီး ဇူလိုင် ၁၄**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥက္ကံမြို့ အခြေခံပညာ အထက်တန်းကျောင်း၌ မိုးရာသီ သစ်ပင်စိုက်ပျိုး၊ ပြုစု ထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင်လဒုတိယပတ်က ကျင်းပရာ မြို့အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်က အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသန်းစိုးနိုင်က မိုးရာသီကာလ သစ်ပင်စိုက်ပျိုးခြင်း၊ ပြုစုထိန်းသိမ်းခြင်းဆိုင်ရာ နည်းစနစ်များနှင့် အကျိုးကျေးဇူးများကို ဆွေးနွေးဟောပြောသည်။

ထို့နောက် ကျောင်းဝင်းအတွင်း ခရေ၊ ကံ့ကော်၊ ကျွန်း၊ ပျဉ်းကတိုးနှင့် မဟော်ဂနီ စုစုပေါင်း ပျိုးပင် ၂၅၀ ကို တက်ရောက်လာသူများက စိုက်ပျိုးခဲ့ပြီး အဆိုပါ အသိပညာပေး ဟောပြောပွဲသို့ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

❖ *ကျောဖုံးမှ*

စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ်၁၅၁၀၉၄) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇူလိုင် ၁၃ ရက်တွင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် သံလွင်တံတားပူးပေါင်းစစ်ဆေးရေးဂိတ် (တရုတ်လှကျေးရွာဘက်ခြမ်း)၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် Lenovo Laptop Computer (Used) ၄၀ အပါအဝင် ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် King Long Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၉၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ ဇူလိုင် ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ သုံးမှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၅၁၀၉၄) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# အားကစားမှ နိုင်ငံတော်အတွက် အကျိုးပြုနေသည့်အချက်များအကြောင်း တစေ့တစောင်း

ကိုငွေး(ကနောင်)

အားကစားနှင့်ပတ်သက်၍ အဓိပ္ပာယ်ဖွင့်ဆိုမှုများစွာရှိသည့်အနက် "အားကစားသည် ယဉ်ကျေးသော လူ့အဖွဲ့အစည်းတစ်ရပ်၏ အမှတ်လက္ခဏာဖြစ်သည်ဟု မှတ်ယူကြသည်။ တစ်နည်းအားဖြင့် အားကစားသည် လူသားထုတစ်ရပ်လုံး၏ ကျန်းမာကြံ့ခိုင်ရေးကို ရှေးရှုသော ပျော်ရွှင်ရင်ခုန်ကြည်နူးဖွယ် လှုပ်ရှားမှုအဖြစ် လူတစ်စု၊ လူတစ်ဖွဲ့မှသည် လူ့အဖွဲ့အစည်းတစ်ရပ်လုံး၊ လူမှုအသိုင်းအဝိုင်းတစ်ရပ်လုံးမှသည် လူမျိုးတစ်မျိုး၊ နိုင်ငံတစ်နိုင်ငံချင်းစီအကြား လူသားဆန်သော အပြန်အလှန်ရင်းနှီးချစ်ကြည်မှုကို ဖန်တီးပေးနိုင်သည့် ကမ္ဘာ့ငြိမ်းချမ်းရေး၏ သံတမန်အခင်းအကျင်းတစ်ရပ်အဖြစ်ဖြင့် လွတ်လပ်ခြင်း၊ ညီမျှခြင်း၊ ချစ်ကြည်ခြင်းတည်းဟူသော လောကပါလတရားများကိုပင် ဖြစ်ထွန်းစေနိုင်သည်ဟု မျှော်လင့်ယုံကြည်ကြသည်" ဟူ၍လည်း ဖွင့်ဆိုကြပါသည်။

### အားကစားသည် နိုင်ငံတစ်ခု၏ ဂုဏ်

ယနေ့ကမ္ဘာတွင် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတိုင်းက မိမိတို့နိုင်ငံ၏ အားကစား အဆင့်အတန်းတိုးတက်မြင့်မားရေးအတွက် ဘက်ပေါင်းစုံမှ နည်းလမ်း ကြံဆကြိုးပမ်းဆောင်ရွက်လျက်ရှိကြပါသည်။ အကြောင်းမှုကား အားကစားသည် နိုင်ငံတိုင်းအတွက် ပိုမိုကောင်းမွန်သော လူ့အဖွဲ့အစည်းတစ်ရပ် တည်ဆောက်ရန် များစွာအထောက်အကူပြုနေသကဲ့သို့ အားကစားအောင်မြင်မှုသည် နိုင်ငံအတွက် ပုံရိပ်ကောင်းတစ်ခုနှင့် နိုင်ငံ့ဂုဏ်မြှင့်တင်ရေးကို တိုက်ရိုက်အထောက်အကူပြုလျက်ရှိနေပြန်ပါသည်။ ထို့ပြင် နိုင်ငံ၏ အားကစားထူးချွန်ထက်မြက်မှုနှင့် ထိုထက်မြက်မှုများကြောင့် ပေါ်ထွက်လာသည့် ပုံရိပ်ကောင်းများကို ကမ္ဘာတစ်လွှားသို့ ဖြန့်ကြက်ပျံ့နှံ့သိရှိစေခြင်းကြောင့် ဖြစ်ပါသည်။

> ❖ အားကစားကဏ္ဍသည် နိုင်ငံတော်၏ အမျိုးသားရေးစိတ်ဓာတ်များ နိုးကြားလာစေရေး၊ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေး၊ အသိပညာဖွံ့ဖြိုးတိုးတက်ရေး၊ လူငယ်လူရွယ်များ၏ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရေးများအပြင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ပိုမိုရင်းနှီးချစ်ခင်လာစေရေး၊ ဇာတိသွေးဇာတိမာန်များ ပိုမိုထက်သန်လာစေရေးနှင့် နိုင်ငံတော်ကာကွယ်ရေးတို့အတွက် အဓိက အခန်းကဏ္ဍမှ ပါဝင်လျက်ရှိ

### အားကစားမှ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုမှုများ

အားကစားမှ နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း များစွာအထောက်အကူပြုနေပါသည်။ အားကစားလှုပ်ရှား ဆောင်ရွက်မှုများကိုယ်တိုင်က စီးပွားရေးလုပ်ငန်းတစ်ရပ်လည်းဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ဖန်တီးပေးလျက်ရှိနေပြန်ပါသည်။ ဆိုလိုသည်မှာ အားကစားပစ္စည်းများ တပ်ဆင်ခြင်း၊ အားကစားပစ္စည်းကိရိယာနှင့် အားကစားဝတ်စုံများ ထုတ်လုပ်ခြင်း၊ ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည့် နည်းပြလုပ်ငန်း၊ သရုပ်ပြဆရာများ၊ အားကစားကင်းထောက်နှင့် ကိုယ်စားလှယ်အေးဂျင့်များ၊ အားကစားပြိုင်ပွဲများကို တာဝန်ယူကျင်းပပေးသော အဖွဲ့အစည်းလုပ်ငန်းများ၊ အားကစားအသိုက်အဝန်းတစ်ခုလုံးကို လွှမ်းခြုံချိတ်ဆက်နိုင်သည့် ဆက်သွယ်ရေးလုပ်ငန်းများနှင့် (Sports Marketing) အားကစားဈေးကွက် ရှာဖွေရေးလုပ်ငန်းများသည် အားကစားကို အခြေခံပြီး ပေါ်ထွန်းလာသည့် လုပ်ငန်းများ ဖြစ်ပါသည်။

### နိုင်ငံတကာအားကစားပြိုင်ပွဲများ လက်ခံကျင်းပခြင်း၏ အကျိုးများ

နိုင်ငံတကာအားကစားပြိုင်ပွဲများကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းကလည်း အိမ်ရှင်နိုင်ငံ၏ ပြည်တွင်းစီးပွားရေးလုပ်ငန်းများအတွက် များစွာအကျိုးရှိစေပါသည်။ နိုင်ငံတကာအားကစားပြိုင်ပွဲများကို အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် နိုင်ငံများအနေဖြင့် အားကစားနည်းအလိုက် အခြေခံအဆောက်အအုံများနှင့် အပေါ်ထပ်အဆောက်အအုံများဟု ခေါ်ဆိုနိုင်သည့် အုပ်ချုပ်ရေးစီမံခန့်ခွဲရေးဆိုင်ရာ လုပ်ငန်းများအပါအဝင် စားသောက်ဆိုင်နှင့် နေရာထိုင်ခင်းများ၊ အစားအသောက်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ၊ တည်းခိုနေထိုင်ရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ၊ အမှတ်တရနှင့် အထိမ်းအမှတ်ပစ္စည်း အရောင်းဆိုင်များနှင့် ယာယီလုပ်ငန်းများ၊ ဆက်သွယ်ရေးနှင့် ဈေးကွက်ရှာဖွေရေးလုပ်ငန်းများ၊ ပုံနှိပ်ထုတ်ဝေရေးနှင့် မီဒီယာလုပ်ငန်းများ၊ လက်မှတ်ရောင်းချခြင်းနှင့် ခရီးသွားလုပ်ငန်းများစသော ကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးတိုးတက်စေရေးကို များစွာအထောက်အကူပြုလျက်ရှိပါသည်။ သို့ဖြစ်၍ အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခြင်းသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ ဆက်သွယ်ရေး၊ ပို့ဆောင်ရေး၊ ခရီးသွားလုပ်ငန်းများအပါအဝင် မီဒီယာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက်လည်း တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အထောက်အကူပြုလျက်ရှိပါသည်။

### နိုင်ငံတကာအားကစားပြိုင်ပွဲများသို့ သွားရောက်ယှဉ်ပြိုင်ခြင်း၏ အကျိုးများ

နိုင်ငံတကာ အားကစားပြိုင်ပွဲများအား သွားရောက်ယှဉ်ပြိုင်ကြသည့် အားကစား မောင်/မယ်များအနေဖြင့်လည်း ပြိုင်ပွဲကျင်းပသည့် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ ဘာသာစကားများ၊ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများ လေ့လာသိရှိနိုင်သည့်အပြင် ပြိုင်ပွဲဝင်နိုင်ငံများမှ အားကစားသမားများနှင့် အပြန်အလှန်ပြောဆိုဆက်ဆံခြင်းမှတစ်ဆင့် မိတ်ဆွေကောင်းများရရှိစေပြီး သက်ဆိုင်ရာ နိုင်ငံများ၏ အားကစားဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေမှု အခြေအနေများ၊ နည်းပညာဆိုင်ရာ ကိစ္စရပ်များနှင့် သိရှိလိုသည့် အကြောင်းအရာများအား မေးမြန်းစူးစမ်းနိုင်ပြီး အတွေ့အကြုံဗဟုသုတများ တိုးပွားလာနိုင်ပါသည်။ ထို့ပြင် ပြိုင်ပွဲဝင်နိုင်ငံများမှ ပြိုင်ဘက်အားကစားသမားများ၏ အရည်အသွေးနှင့် စွမ်းဆောင်ရည်များအား ကြည့်ရှုသုံးသပ်ပြီး မိမိတို့၏ အားနည်းချက်များအား ပြုပြင်နိုင်သည့်အပြင် အားသာချက်များအား နောင်လာမည့် ပြိုင်ပွဲများတွင် ပိုမိုအားသာမှုများရရှိစေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်မည့် အခွင့်အရေးများလည်း ရရှိလာနိုင်ကြမည်ဖြစ်ပါသည်။

> ယနေ့ခေတ်သည် တိုးတက်ပြောင်းလဲလာသည်နှင့်အမျှ လူငယ်များအတွက် အားကစားနှင့် ကစားခုန်စားလှုပ်ရှားမှုများ ပြုလုပ်ခြင်း၊ အားကစားသင်တန်းများ တက်ရောက်သင်ကြားခြင်း၊ ပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ခြင်း စသောအားလပ်ချိန်အား အကျိုးရှိစွာအသုံးချမှုများသည် လူငယ်များ၏ စိတ်ဓာတ်ဖွံ့ဖြိုးမှု၊ ဉာဏ်ရည်ဖွံ့ဖြိုးမှု၊ ကိုယ်ကာယကြံ့ခိုင်ဖွံ့ဖြိုးမှုများအတွက်လည်း အရေးကြီး

### အားကစားမှနိုင်ငံတော်အတွက် အကျိုးပြုနေသည့်အချက်များ

အားကစားကဏ္ဍသည် နိုင်ငံတော်၏ အမျိုးသားရေးစိတ်ဓာတ်များ နိုးကြားလာစေရေး၊ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေး၊ အသိပညာဖွံ့ဖြိုးတိုးတက်ရေး၊ လူငယ်လူရွယ်များ၏ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရေးများအပြင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ပိုမိုရင်းနှီးချစ်ခင်လာစေရေး၊ ဇာတိသွေးဇာတိမာန်များ ပိုမိုထက်သန်လာစေရေးနှင့် နိုင်ငံတော်ကာကွယ်ရေးတို့အတွက် အဓိက အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ သို့ဖြစ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် အားကစားကဏ္ဍ တိုးတက်မြင့်မားလာစေရေးအတွက် ဘက်ပေါင်းစုံမှ အားပေးဆောင်ရွက်လျက်ရှိနေခြင်းလည်း ဖြစ်ပါသည်။ အားကစားကဏ္ဍမှ နိုင်ငံတော်အတွက် အကျိုးပြုနေသည့် အဓိကအချက်(၅)ချက်အဖြစ် လူငယ်၊ ကျန်းမာရေး၊ ဂုဏ်သိက္ခာ၊ အပြန်အလှန်ဆက်ဆံရေးနှင့် စိတ်ဓာတ် စသည့်အချက်များတွင် အကျိုးပြုလျက်ရှိနေသည်ကို တွေ့ရှိရပါသည်။

**Youth-လူငယ်များ။** နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ထိုနိုင်ငံ၏ အနာဂတ်တာဝန်များအား ပခုံးပြောင်းတာဝန်ယူကြမည့် လူငယ်များ၏ ကျန်းမာကြံ့ခိုင်မှု၊ အရည်အချင်းပြည့်ဝမှု၊ စိတ်ဓာတ်ရေးရာမြင့်မားမှုအခြေအနေများပေါ်တွင် အပြည့်အဝမူတည်လျက်ရှိပါသည်။ သို့ဖြစ်၍ လူငယ်လူရွယ်များကို ဘက်စုံထောင့်စုံမှ အရည်အသွေးမြှင့်တင်ပေးရန်မှာ နိုင်ငံတော်မှ အလေးထားဆောင်ရွက်ရမည့် အရေးအကြီးဆုံးလုပ်ငန်း ကဏ္ဍတစ်ရပ်လည်းဖြစ်ပါသည်။ ယနေ့ကမ္ဘာတွင် အရည်အသွေးပြည့်ဝသော လူငယ်အဖွဲ့အစည်းများကို ပိုင်ဆိုင်သည့်နိုင်ငံများသည် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေပြီး ဆက်လက်၍လည်း တိုးတက်မည့် အလားအလာကောင်းများ ရှိနေသည်ကို မြင်တွေ့နေရပါသည်။ လူငယ်ဘဝမှ လူကြီးဘဝသို့ ကူးပြောင်းသည့်ကာလသည် လှုပ်ရှား ပြောင်းလဲမှုများ၊ ဖြစ်လွယ်ပျက်လွယ်သော ကာလဖြစ်ခြင်းကြောင့် လူငယ်များကိုမှန်ကန်သည့် လမ်းကြောင်းပေါ်ရောက်ရှိစေပြီး နိုင်ငံတော်ကို အကျိုးပြုမည့် နိုင်ငံ့သားကောင်းများအဖြစ်သို့ ရောက်ရှိစေရေး စနစ်တကျ ပြုစုပျိုးထောင်ပေးရန် လိုအပ်မည်ဖြစ်ပါသည်။

အနာဂတ်ကာလတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပခုံးပြောင်း တာဝန်ယူဆောင်ရွက်သွားကြရမည့် လူငယ်များအား အရည်အချင်းပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များအဖြစ် ပြုစုပျိုးထောင်နိုင်ရေးအတွက် နိုင်ငံသားများအား အားကစားမှတစ်ဆင့် လူ့အဖွဲ့အစည်းအတွင်း ချစ်ကြည်ရင်းနှီးမှု ခိုင်မာစေရန်နှင့် လူမှုဝန်ထမ်းလုပ်ငန်းများကို စိတ်ပါဝင်စားစွာ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်လာစေရေး စည်းရုံးဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

ယနေ့ခေတ် လူငယ်များအတွက် အဓိကခြိမ်းခြောက်မှုတစ်ခုမှာ မူးယစ်ဆေးဝါးပြဿနာနှင့် Game အလွန်အကျွံ စွဲလမ်းမှုပြဿနာပင်ဖြစ်ပါသည်။ မူးယစ်ဆေးဝါးစကားလုံးသည် အလွန်ကျယ်ပြန့်လှပါသည်။ ကွမ်းယာစားသုံးခြင်းမှစ၍ အရက်၊ ဆေးလိပ်၊ ဘီယာသောက်သုံးခြင်း၊ စိတ်ငြိမ်ဆေး၊ ဆေးပြား၊ ဘိန်းဖြူ၊ ဘိန်းမည်းများ သုံးစွဲခြင်းအထိ ပါဝင်ပါသည်။ ယနေ့ခေတ်သည် တိုးတက်ပြောင်းလဲလာသည်နှင့်အမျှ လူငယ်များအတွက် အားကစားနှင့် ကစားခုန်စားလှုပ်ရှားမှုများ ပြုလုပ်ခြင်း၊ အားကစားသင်တန်းများ တက်ရောက်သင်ကြားခြင်း၊ ပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ခြင်းစသော အားလပ်ချိန်အား အကျိုးရှိစွာအသုံးချမှုများသည် လူငယ်များ၏ စိတ်ဓာတ်ဖွံ့ဖြိုးမှု၊ ဉာဏ်ရည်ဖွံ့ဖြိုးမှု၊ ကိုယ်ကာယကြံ့ခိုင်ဖွံ့ဖြိုးမှုများအတွက်လည်း အရေးကြီးလှပါသည်။

သို့ဖြစ်၍ မျိုးဆက်သစ်လူငယ်လူရွယ်များအား အချိန်ကို အကျိုးရှိစွာအသုံးချနိုင်စေရေးနှင့် ကျန်းမာကြံ့ခိုင်စေရေးအတွက် ကျောင်းပိတ်ရက်များတွင် အားကစားသင်တန်းများ ဖွင့်လှစ်ပို့ချပေးခြင်း၊ နွေရာသီ၊ မိုးရာသီ၊ ဆောင်းရာသီ(အခြေခံနှင့် အဆင့်မြင့်) အားကစားသင်တန်းများ ဖွင့်လှစ်ပေးခြင်းများဖြင့် အားလပ်ချိန်များတွင် စိတ်လေလွင့်နေမည့် လူငယ်များကို အားကစားဖြင့် ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနေသည့်အတွက် အားကစားဖြင့် နိုင်ငံတော်အား အကျိုးပြုနေသည့် အချက်တစ်ချက်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

**Health-ကျန်းမာရေး။** အားကစားနှင့် ကျန်းမာရေးသည် တိုက်ရိုက်အချိုးကျလျက်ရှိပါသည်။ ဆေးရုံ၊ ဆေးခန်းများတွင် လူနာများများပြားနေမည်ဆိုပါက လူငယ်လူရွယ်များ အပါအဝင် ပြည်သူများအနေဖြင့် ကိုယ်လက်လှုပ်ရှားအားကစားဆောင်ရွက်မှု နည်းပါးနေခြင်းကြောင့် ဖြစ်ပါသည်။ ပြည်သူများအနေဖြင့် ပင်ကိုကျန်းမာရေးအသိဖြင့်သာ အားကစားလှုပ်ရှားဆောင်ရွက်မှုများ ပုံမှန်ပြုလုပ်ဆောင်ရွက်ကြမည်ဆိုပါလျှင် ကိုယ်ရောစိတ်ပါ ကျန်းမာကြံ့ခိုင်ပြီး

*စာမျက်နှာ ၁၁ သို့*

## ပြင်ဦးလွင်မြို့၌ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု စာပေဟောပြောပွဲကျင်းပ



**ပြင်ဦးလွင် ဇူလိုင် ၁၄**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ ပြင်ဦးလွင်ခရိုင် ပြည်သူ့စာကြည့်တိုက်နှင့် Glory ကိုယ်ပိုင်စာကြည့်တိုက်တို့ ပူးပေါင်းစီစဉ်ကျင်းပသော "စာကြည့်တိုက်များက ပေးသော အကျိုးကျေးဇူးများ" စာပေဟောပြောပွဲကို ဇူလိုင် ၁၂ ရက်က ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး ၈ ရှိ Glory စာကြည့်တိုက်၌ ကျင်းပသည်။

ဦးစွာ ပြင်ဦးလွင်ခရိုင် စာကြည့်တိုက် ကြီးကြပ်မှုကော်မတီအဖွဲ့ဝင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးစိုင်းအောင်ကြည်က အဖွင့်အမှာစကား ပြောကြား၍ Glory စာကြည့်တိုက် တည်ထောင်သူ ဆရာ David Siang က Glory ကိုယ်ပိုင် စာကြည့်တိုက် တည်ထောင်ခဲ့ရခြင်း ရည်ရွယ်ချက်နှင့် စာကြည့်တိုက်ကို ရပ်ကွက်နေပြည်သူလူထုနှင့် ကျောင်းသား ကျောင်းသူများ လာရောက်အသုံးချစေရေး ဖိတ်ခေါ်ကာ စာဖတ်ရှိန်မြှင့်တင်ရေး စာပေအသိပညာတန်ဖိုးများအကြောင်း ပြောကြားသည်။

ထို့နောက် ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝါဝါလွင်က စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ စာဖတ်ရှိန်မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ရပ်ကွက်၊ ကျေးရွာများရှိ စာကြည့်တိုက်များအရောက် ကွင်းဆင်းကာ စာပေဟောပြောပွဲကျင်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စာရေးဆရာ ကိုရွှေအောင်သင်း၏ ကိုယ်ရေးအကျဉ်းအား မြန်မာနိုင်ငံသတင်းစာ ဆရာအသင်း၊ ပြင်ဦးလွင်မြို့နယ် ဒုတိယဥက္ကဋ္ဌ ဒေါ်အေဇင်မေက ဖတ်ကြားပြီး ပြင်ဦးလွင်ခရိုင် စာကြည့်တိုက်ကြီးကြပ်မှု ကော်မတီအဖွဲ့ဝင် စာရေးဆရာ ကိုရွှေအောင်သင်းက "စာကြည့်တိုက်များက ပေးသော အကျိုးကျေးဇူးများ" ခေါင်းစဉ်ဖြင့် ကျောင်းသား လူငယ်များနှင့် ဒေသခံပြည်သူများ စာပေဗဟုသုတဖြစ်ဖွယ် အကြောင်းအရာများကို ဟောပြောဆွေးနွေးသည်။ ထို့နောက် ဆွေးနွေးချက်များနှင့် ပတ်သက်၍ ကျောင်းသား ကျောင်းသူများ၏ သဘောထားအမြင်များကို ပြန်လည်မေးမြန်းရာ ကျောင်းသား ကျောင်းသူများက ပြန်လည်ဆွေးနွေးသည်။

ထို့နောက် ပါဝင်ဆွေးနွေးပေးကြသည့်ကျောင်းသားကျောင်းသူများအား အိမ်ခြံမြေ ဖွံ့ဖြိုးတိုးတက်ရေးအသင်း တိုင်းဒေသကြီး ဒုတိယဥက္ကဋ္ဌ၊ ပြင်ဦးလွင်ခရိုင် အိမ်ခြံမြေ ဖွံ့ဖြိုးတိုးတက်ရေးအသင်းဥက္ကဋ္ဌ ဦးမျိုးမင်းက အမှတ်တရ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ပြီး Glory စာကြည့်တိုက်မှ အမှုဆောင် ဆရာဟိန်းစိုးလတ် (ဂုဏ်ထူး မြန်မာစာ)က စာရေးဆရာ ကိုရွှေအောင်သင်းအား အမှတ်တရ ဂုဏ်ပြုလက်ဆောင်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဖြူလူသစ်(ပြန်/ဆက်)**

## ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် နေကြာသီးနှံ ဧက ၉၃၀ လျာထားစိုက်ပျိုးမည်

**ပွင့်ဖြူ ဇူလိုင် ၁၄**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စားသုံးဆီဖူလုံပို လျှံစေရန်နှင့် ဒေသခံတောင်သူများ သီးနှံဝင်ငွေတိုးပွားစေရန်အတွက် ဆီထွက်သီးနှံ နေကြာ ဧက ၉၃၀ လျာထားစိုက်ပျိုးဆောင်ရွက်မည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေထံမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံနေကြာ ဧက ၉၃၀ စိုက်ပျိုးရန် လျာထားပြီး ဇွန်လကစ၍ စိုက်ပျိုးခဲ့ရာ ယနေ့အထိ ၃၄၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် နေကြာသီးနှံ ဧက ၉၃၀၊ မြေပဲသီးနှံ ၁၆၆၁ ဧက၊ နှမ်း ၁၃၃၉၅ ဧက စုစုပေါင်း ဆီထွက်သီးနှံစုံ ၁၅၉၈၆ ဧက လျာထားစိုက်ပျိုးသွားမည်ဖြစ်ကာ ယနေ့အထိ မြေပြင်စိုက်ပျိုးပြီးစီးမှုအနေဖြင့် နေကြာ ၃၄၂ ဧက၊ မြေပဲ ၆၉၅ ဧက၊ နှမ်း ၁၄၀၉၂ ဧက စုစုပေါင်း ဆီထွက်သီးနှံစုံ ၁၅၁၂၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

*စာမျက်နှာ ၁၀ မှ*

ဆေးရုံ၊ ဆေးခန်းများသို့ လူသူအရောက်အပေါက်နည်းပါးသွားမည်ဖြစ်ပါသည်။ သို့ဖြစ်၍ မိမိတစ်ဦးတည်း၏ အမြင်အနေဖြင့် ပြည်သူများ သက်ရှည်ကျန်းမာကြံ့ခိုင်စေရေး အားကစားလှုပ်ရှားမှုများ မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် ဆေးရုံ၊ ဆေးခန်းများ တည်ဆောက်ခြင်းထက် အားကစားကွင်း/အားကစားရုံများ ပိုမိုတိုးမြှင့်တည်ဆောက်ပေးရန် လိုအပ်ပါသည်။ ကျန်းမာရေးဌာန၏ **"ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက် ကောင်းမွန်သည်"** ဆိုသည့် ဆောင်ပုဒ်အရ ဆေးရုံ၊ ဆေးခန်းများတွင် ရောဂါဖြစ်မှကုသခြင်းထက် အားကစားကွင်း/အားကစားရုံများတွင် အားကစားလှုပ်ရှားဆောင်ရွက်မှုများပြားလာအောင် စည်းရုံးဆောင်ရွက်ခြင်း၊ နယ်ပယ်ဒေသကဏ္ဍအစုံတွင် အားကစားပြိုင်ပွဲမျိုးစုံအား စဉ်ဆက်မပြတ် ပုံမှန်ကျင်းပပေးခြင်း၊ လူထုအားကစားလှုပ်ရှားမှုများအား တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့် လှုပ်ရှားဆောင်ရွက်လာစေရေး စည်းရုံးဆောင်ရွက်ခြင်းများအား ပြုလုပ်ပေးပါက ပြည်သူအများကျန်းမာရေးကောင်းမွန်လာပြီး ရောဂါဖြစ်ပွားခြင်းများမှ အလိုလိုကြိုတင်ကာကွယ်ပြီးသား ဖြစ်သွားနိုင်မည်ဖြစ်ပါသည်။ **အက်ဒွပ်စ္စာထရန်**ဆိုသည့် ပညာရှင်တစ်ဦးမှ **"ကိုယ်လက်လှုပ်ရှား အားကစားလုပ်ရန် အချိန်မပေးနိုင်ဟုဆိုသူများသည် အနေးနှင့် အမြန်ဆိုသလို ရောဂါဝေဒနာများအတွက် အချိန်ပေးလာရလိမ့်မည်"** ဟု ပြောကြားခဲ့ဖူးပါသည်။ သို့ဖြစ်၍ လူတစ်ဦးတစ်ယောက်ခြင်းမှသည် မိသားစုတစ်စုအဖွဲ့အစည်းတစ်ခုမှသည် ပြည်သူအားလုံး ပင်ကိုကျန်းမာရေးအသိဖြင့် အားကစားလုပ်ဖို့ နေ့စဉ်အချိန်အနည်းငယ်ပေး၍ ဆောင်ရွက်ရုံမျှဖြင့် ကျန်းမာခြင်းသုခကို မုချရရှိကြမည်ဖြစ်ပါသည်။ နိုင်ငံတော်မှ မိမိတို့ဝန်ကြီးဌာနကို ပေးအပ်ထားသည့် တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးဆိုသည့် အဓိကရည်မှန်းချက်အား အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ လုပ်ဆောင်ပေးနေသည့်အပြင် နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်များဖြစ်သော လူငယ်များကို ကျန်းမာကြံ့ခိုင်သောနိုင်ငံ့သားကောင်းများ ဖြစ်လာစေရေးအတွက် အားကစားဖြင့် ဆောင်ရွက်ပေးနေခြင်းကြောင့် နိုင်ငံတော်အား အကျိုးပြုနေသည့် အချက်တစ်ချက်အဖြစ် သတ်မှတ် ရှုမြင်မိပါသည်။

**Prestige – ဂုဏ်သိက္ခာ။** လူသားတစ်ဦးချင်းအနေဖြင့် ဘဝတွင် ဂုဏ်သိက္ခာရှိရှိ ရပ်တည်နေထိုင်နိုင်ရန် အရေးကြီးပါသည်။ မိမိနေထိုင်သည့် ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်၊ ပြည်နယ်၊ တိုင်းဒေသကြီးမှသည် နိုင်ငံအဆင့်အထိ နိုင်ငံတကာအလယ်တွင် ဂုဏ်သိက္ခာရှိရှိ ရပ်တည်နိုင်ရန် အရေးကြီးပါသည်။ ဥပမာအားဖြင့် မြို့နယ်တစ်မြို့နယ်တွင် ကျင်းပသည့် မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲတွင် ရပ်ကွက်၊ ကျေးရွာအသင်းများ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ အနိုင်ရသည့်ကျေးရွာအနေဖြင့် ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မှုအတွက် ကုန်ကျစရိတ်များမှာ ပြိုင်ပွဲတွင် ပထမရသည့် ဆုကြေးထက် အဆပေါင်းများစွာ ကုန်ကျခံပြီး ဝင်ရောက်ယှဉ်ပြိုင်ကြခြင်းမှာ မိမိကျေးရွာ၏ ဂုဏ်သိက္ခာအတွက် ဖြစ်ပါသည်။ ကျေးရွာချင်း ယှဉ်လျှင် မိမိကျေးရွာသာစေချင်သည်မှာလည်း ဂုဏ်သိက္ခာအတွက်ပင် ဖြစ်ပါသည်။ နိုင်ငံတော်၏ အားကစားဆိုင်ရာ ခံယူချက်တွင်လည်း **"အားကစားအောင်မြင်မှုသည် နိုင်ငံတော်၏ ဂုဏ်သိက္ခာအဆင့်အတန်းနှင့် အခြေအနေကို ဖော်ပြသည်"** ဟု သတ်မှတ်ထားပါသည်။ နိုင်ငံတကာအားကစားပြိုင်ပွဲများ၌ အားကစားနည်းတစ်ခုခုတွင် ရွှေတံဆိပ်ရရှိပါက ရရှိသည့်နိုင်ငံ၏ အလံအား လွှင့်တင်ပြီး နိုင်ငံတော်သီချင်းဖွင့်ပါက ကျန်ပြိုင်ပွဲဝင်နိုင်ငံများမှ အားကစားသမားများ တာဝန်ရှိသူများနှင့် ပရိသတ်များကပါ မတ်တတ်ရပ်၍ အလေးပြုကြရသည်။ မြန်မာနိုင်ငံတွင် ကျင်းပခဲ့သည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ် ၈၆ ခု ဆွတ်ခူးရရှိခဲ့သည့်အတွက် မြန်မာနိုင်ငံတော်အလံကို တိုင်ထိပ်မှာတင် မြန်မာနိုင်ငံတော်သီချင်းဖွင့်ပြီး အလေးပြုခဲ့ရသည့် ၈၆ ကြိမ်၌ မျက်ရည်ကျသည်အထိ ဝမ်းသာပီတိများနှင့် ဂုဏ်ယူခဲ့ကြရပါသည်။ ဤကဲ့သို့ ဂုဏ်သိက္ခာကို လိုချင်သည့်အတွက် တစ်နှစ်တာပတ်လုံး ငွေကြေးသန်းပေါင်းများစွာ အကုန်အကျခံ စခန်းသွင်းလေ့ကျင့်ပြီး အောင်မြင်မှုရအောင် ကြိုးပမ်းတည်ဆောက်ခဲ့ကြခြင်းဖြစ်ပါသည်။ ယခင်အားကစားဝန်ကြီးအဖြစ် တာဝန်ယူခဲ့ဖူးသူ သူရဦးအေးမြင့်က အခမ်းအနားတစ်ခုတွင် **"အားကစားဟာ သာမန်အားဖြင့်ကြည့်လျှင် ဘာမှအရေးမပါတဲ့ အသေးအဖွဲကိစ္စလို့ ထင်ရပေမယ့် နိုင်ငံတစ်ခုနဲ့တစ်ခု ယှဉ်လာလို့ရှိရင် နိုင်ငံချစ်စိတ်မျိုးချစ်စိတ်များ ရှင်သန်ပေါက်ဖွားလာစေပြီး ပြည်သူတစ်ရပ်လုံး တစ်သွေးတည်း၊ တစ်သားတည်း၊ တစ်စိတ်တည်း၊ တစ်ဝမ်းတည်း ဖြစ်သွားစေတဲ့အရာဟာ အားကစားပဲဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံနဲ့ တစ်နိုင်ငံ ပြည်သူအများရဲ့ ရှေ့မှောက် TV ဖန်သားပြင်ပေါ်မှာယှဉ်ပြိုင်နေရတဲ့ ဝန်ကြီးဌာနဟာလည်း အားကစားဝန်ကြီးဌာနပါပဲ"** လို့ ပြောဆိုခဲ့တာကိုလည်း ယနေ့အချိန်ထိ ရင်ထဲစွဲနေအောင် မှတ်မိနေဆဲဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံ ယှဉ်ပြိုင်သည့်အခါ မိမိနိုင်ငံ၏ ဂုဏ်သိက္ခာ တိုးတက်မြင့်မားရေးကို အားကစားဖြင့် လုပ်ဆောင်ပေးနေခြင်းဖြစ်သည့်အတွက် အားကစားဖြင့် နိုင်ငံတော်ကိုအကျိုးပြုနေသည့် အချက်တစ်ချက်အဖြစ် သတ်မှတ်ရှုမြင်မိပါသည်။

**Exchange–အပြန်အလှန်ဆက်ဆံရေး။** အားကစားပြိုင်ပွဲများအား အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် နိုင်ငံများနှင့် ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ကြသည့် နိုင်ငံများမှ တာဝန်ရှိသူများ၊ အုပ်ချုပ်သူနှင့် နည်းပြများ၊ အားကစားသမားများ၊ လေ့လာသူများ၊ မီဒီယာသမားများသည် အိမ်ရှင်နိုင်ငံနှင့် ဘာသာရေး၊ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ နည်းပညာဆိုင်ရာများအပါအဝင် သက်ဆိုင်ရာကဏ္ဍ နယ်ပယ်အလိုက် ကူးလူးဆက်ဆံမှုများပြုလုပ်ကြရပါသည်။ ၎င်းအပြင် သွားရောက်သည့် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်သည့် ကဏ္ဍပေါင်းစုံအား အတုယူလေ့လာနိုင်သကဲ့သို့ မိမိတို့နိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဆိုပါကလည်း အထက်တွင် တင်ပြခဲ့သည့်အတိုင်း ကဏ္ဍပေါင်းစုံမှ လုပ်ငန်းကိစ္စရပ်များ ဆောင်ရွက်ခွင့်ရရှိပြီး နိုင်ငံခြားဝင်ငွေများရရှိကာ မိမိနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအား များစွာအထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်၍ အားကစားပြိုင်ပွဲများအား သွားရောက်ယှဉ်ပြိုင်ရာတွင်ဖြစ်စေ၊ ပြိုင်ပွဲများအား အိမ်ရှင်အဖြစ် လက်ခံကျင်းပရာတွင်ဖြစ်စေ၊ နိုင်ငံပေါင်းစုံနှင့် အပြန်အလှန်ဆက်သွယ်ဆက်ဆံနေရသည့် အားကစားကဏ္ဍသည်လည်း နိုင်ငံတော်အား အကျိုးပြုနေသည့် အချက်တစ်ချက်အဖြစ် သတ်မှတ်ရှုမြင်မိပါသည်။

**Morale–စိတ်ဓာတ်။** စိတ်ဓာတ် အထူးသဖြင့် အားကစားစိတ်ဓာတ်သည် လွန်စွာအရေးကြီးပါသည်။ လူတိုင်းလူတိုင်းဘဝတွင် အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့ဖူးကြပါလိမ့်မည်။ အားကစားစိတ်ဓာတ်အပြည့်အဝရှိသူ တစ်ယောက်ဆိုလျှင်မည်သည့်အခက်အခဲပင် တွေ့ကြုံရပါစေ၊ အနိုင်မခံအရှုံးမပေးသည့်စိတ်ဓာတ်၊ မိမိကိုယ်ကို ယုံကြည်ရဲရင့်သည့် စိတ်ဓာတ်များဖြင့် ရင်ဆိုင်ကျော်ဖြတ်သွားနိုင်သည့် စိတ်ဓာတ်မျိုးကို အားကစားမှ ပေးစွမ်းနိုင်ပါသည်။ အားကစားဆိုင်ရာခံယူချက်တွင် **"အားကစားမြှင့်တင် တည်ဆောက်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်တည်ဆောက်နေခြင်းဖြစ်ပါသည်"** ဟု ဖော်ပြထားပါသည်။ အားကစားလုပ်ခြင်းဖြင့် ဘာကြောင့်နိုင်ငံတော်ကိုတည်ဆောက်နိုင်ရတာလဲလို့ မေးစရာရှိလာပါလိမ့်မည်။ အထက်တွင် တင်ပြထားခဲ့သည့် ဂုဏ်သိက္ခာဆိုသည့် စာပိုဒ်တွင် ဖော်ပြခဲ့သည့်အတိုင်း ကျေးရွာတစ်ရွာနှင့် တစ်ရွာ အားကစားပြိုင်လျှင် မိမိရွာ အနိုင်ရလိုကြသည်။ အလားတူ မြို့နယ်ချင်းပြိုင်လျှင် ကိုယ့်မြို့နယ်၊ ခရိုင်ချင်းပြိုင်လျှင် ကိုယ့်ခရိုင်၊ ပြည်နယ်၊ တိုင်းဒေသကြီးအလိုက် ပြိုင်လျှင် ကိုယ့်ပြည်နယ်၊ တိုင်း နိုင်လိုကြသည်။ နောက်ဆုံးအဆင့် နိုင်ငံချင်းပြိုင်လျှင် မိမိနိုင်ငံ အနိုင်ရလိုကြသည်။ အဘယ်ကြောင့်ဆိုသော် ကိုယ့်ကျေးရွာကို ချစ်တဲ့စိတ်၊ ကိုယ့်မြို့၊ ကိုယ့်ခရိုင်၊ ကိုယ့်ပြည်နယ်၊ တိုင်းကို ချစ်သည့်စိတ်ဖြစ်လာအောင် တစ်နည်းအားဖြင့် အမျိုးကိုချစ်သည့်စိတ်၊ နိုင်ငံကိုချစ်သည့်စိတ်၊ အမျိုးကိုထိရင် မချိအောင်နာတတ်သည့် မျိုးချစ်စိတ်များ ဖြစ်ပေါ်လာအောင် အားကစားဖြင့် လုပ်ဆောင်ပေးနိုင်သည့်အတွက် နိုင်ငံတော်အား အကျိုးပြုနေသည့် အချက်တစ်ချက်အဖြစ် သတ်မှတ်ရှုမြင်မိပါသည်။

### အားကစားကဏ္ဍတိုးတက်အောင် ဝိုင်းဝန်းဖော်ဆောင်

အထက်တွင် တင်ပြခဲ့သည့်အတိုင်း နိုင်ငံတော်ကို ဘက်ပေါင်းစုံမှ အကျိုးပြုနေသည့် အားကစားကဏ္ဍအား နိုင်ငံတော်အကြီးအကဲကိုယ်တိုင်အားပေးဆောင်ရွက်လျက်ရှိနေသည့် အချိန်တွင် ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်နယ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့များ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ လက်ရွေးစင်ဟောင်းများ အသင်း၊ မြန်မာနိုင်ငံစီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ မီဒီယာလောကသားများအပါအဝင် ပြည်သူတစ်ရပ်လုံးက နိုင်ငံတော်၏ အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရေး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

စာတည်းထံပေးစာ

# ပြည်သူကို နှိပ်စက်ကလူပြုနေပြီး အကြမ်းဖက်ကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ PDF များကို ဒေသခံများ၏ အား၊ စစ်မှုထမ်းဟောင်းများ၏ အား၊ နိုင်ငံချစ်ပြည်သူများ၏ အားကို ရယူစုစည်းပူးပေါင်းပြီး နာလန်မထူနိုင်၊ အမြစ်ပြုတ်သည်အထိ ချေမှုန်းသုတ်သင်ပေးပါ

စာတည်းရှင် -

လက်ရှိတွင် ကျွန်မ၏ ဆွေမျိုးများသည် MNDAA နှင့် TNLA တို့၏ တစ်ကျော့ပြန် အကြမ်းဖက်တိုက်ခိုက်မှုများကို ကြောက်ရွံ့၍ စစ်ဘေးရှောင်နေကြရပါသည်။ ဇွန်လကုန်ပိုင်းကတည်းက မြို့ပေါ်တွင် ရှော့တိုက်ဒုံးရန်နှင့် ဒရုန်းဗုံးအန္တရာယ်များကြောင့် စစ်ဘေးရှောင်နေရခြင်းဖြစ်ပါသည်။ သို့သော် စစ်ဘေးရှောင်ရာတွင်လည်း လူမျိုးမတူ၊ တိုင်းရင်းသားမျိုးနွယ်မတူသူများကို ခြိမ်းခြောက်ခြင်း၊ နှင်ထုတ်ခြင်းနှင့် စစ်ဆေးမေးမြန်းခြင်းများကို ပြုလုပ်နေကြပြီး ဖမ်းဆီးနှိပ်စက်ခြင်းများကိုလည်း မြင်တွေ့နေရသည့်အတွက် အလွန်ပင်ကြောက်ရွံ့စိတ်ပျက်မိပါသည်။

ကျွန်မတို့ ရှမ်းပြည်နယ်(မြောက်ပိုင်း)အပြင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ် အစရှိသည့် တိုင်းရင်းသားဒေသအများအပြားတွင်လည်း အကြမ်းဖက်သမားများက မြို့ကြီးများအထိ ခြိမ်းခြောက်အကြမ်းဖက်တိုက်ခိုက်နေကြသည်ကို ကြားသိရပါသည်။ ပြည်သူများအားလုံးမှာ နေ့စဉ်နှင့်အမျှ စစ်ပွဲသတင်းများကြောင့် စိတ်နှလုံးထိခိုက်နေကြရပြီး မွေးရပ်မြေမှ မိဘ၊ မောင်ဖွား ဆွေမျိုးသားချင်းများအတွက် ရတက်မအေးဖြစ်နေကြရပါသည်။

ထို့ပြင် အသက်မပြည့်သေးသော လူငယ်လူရွယ်များအပါအဝင် လူငယ်များကိုလည်း သူပုန်အဖွဲ့များက အတင်းအကျပ် တပ်သားသစ်စုဆောင်းမှုများကို တရားဥပဒေလက်လွတ် လုပ်ကိုင်နေကြပါသည်။ MNDAA သည် ကိုးကန့်နယ်မြေ အထူးဒေသ(၁) ရရှိရေးဆိုကာ နယ်မြေသိမ်းပိုက်ရေးကိုပါ လုပ်ဆောင်လာခဲ့ပြီး တိုင်းရင်းသားများအပြင် ဗမာလူမျိုးများကိုလည်း သူတို့၏ MNDAA အဖွဲ့ထဲသို့ အတင်းအဓမ္မခိုင်းစေ အမှုထမ်းခိုင်းလျက်ရှိပါသည်။ ရှမ်းစကားမတတ်သည့် ဗမာများကိုလည်း ဖမ်းဆီးနှိပ်စက်ခြင်းများ ပြုလုပ်နေသည်ဟု ဒေသခံများထံမှ သိရပါသည်။

ထို့ပြင် မငြိမ်းချမ်းမှုများကြောင့် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားရေးတွင် ခက်ခဲမှုများစွာရှိပြီး အကြမ်းဖက်သူပုန်များက စာသင်ကျောင်းများကိုလည်း ဖွင့်လှစ်ခွင့်မပေးသဖြင့် ပညာသင်ကြားမှု ရပ်တန့်နေရပါသည်။ နေ့စဉ်နှင့်အမျှ လက်နက်သံ၊ ဗုံးသံအကြား အကြောက်တရားတို့နှင့်လည်း မနေလိုကြတော့ပါ။

မြန်မာ့တပ်မတော်ကို တိုက်ခိုက်ကြခြင်းအပြင် TNLA ဒေသအတွင်းတွင်လည်း အချင်းချင်း နယ်မြေလုပွဲများ မကြာခဏ ဖြစ်ပွားနေပြီး လမ်းပန်းဆက်သွယ်ရေးမှာ ပြတ်တောက်လုနီးပါးဖြစ်နေရပါသည်။ စစ်ပွဲနှင့် လမ်းပန်းဆက်သွယ်ရေးအခက်အခဲများကြောင့် အခြေခံစားကုန်များကိုပင် နှစ်ဆမှသုံးဆ၊ ငါးဆခန့် ဈေးအမြင့်ဖြင့် စားသောက်နေရသည်မှာ ရေရှည်တွင် ရပ်တည်ရန် ခက်ခဲလာနိုင်ပါသည်။

လားရှိုးမြို့တွင် အကြမ်းဖက်သမားများကို အလိုမရှိကြောင်း ဆန္ဒထုတ်ဖော်ကြပါသည်။ တစ်နိုင်ငံလုံးရှိ ပြည်သူများကလည်း အကြမ်းဖက်သမားများကို အလိုမရှိကြောင်း ဆန္ဒဖော်ထုတ်ပွဲများကို မြင်တွေ့ရပါသည်။ မိမိတို့ပြည်သူအားလုံးသည် အကြမ်းဖက်လုပ်ရပ်များကို ရှုတ်ချပါသည်။ အခြားဒေသမှ ပြည်သူများကလည်း မငြိမ်းချမ်းသည့် ဒေသများအတွက် တစ်တပ်တစ်အား ပါဝင်အားဖြည့်ပေးကြပါ။

ပြည်သူများသည် အေးချမ်းစွာ နေထိုင်လိုကြပြီး ယခုကဲ့သို့ အကြမ်းဖက်လုပ်ရပ်များအတွက် အနယ်နယ်အရပ်ရပ်ရှိ သူပုန်များနှင့် အဖွဲ့အစည်းများကို ဆန့်ကျင်ကန့်ကွက်ပါသည်။ အကြမ်းဖက်လက်နက်ကိုင်သူပုန်တို့၏ အဓမ္မနယ်မြေသိမ်းပိုက်ရေးသည် ဘိုးဘွားဘီဘင်အဆက်ဆက် တည်ဆောက်ဖန်တီးထားခဲ့သည့် ပြည်ထောင်စုကြီးကိုပင် ထိခိုက်လာတော့မည်ကို ပြည်သူတစ်ဦးအနေဖြင့် လုံးဝ လက်သင့်မခံနိုင်တော့ပါ။ MNDAA/ TNLA/ AA တို့အပြင် ယင်းတို့နှင့် တိုက်ရိုက်၊ သွယ်ဝိုက်၊ ဆက်စပ်ပူးပေါင်း ပါဝင်ပေးနေသည့် အဖွဲ့အစည်းများကိုလည်း ယုံကြည်လေးစားမှုမရှိတော့ပါ။

**တပ်မတော်သားများက ပင်ပန်းဆင်းရဲစွာ မိမိတို့ ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ကျားကုတ်ကျားခဲ ပင်ပန်းဆင်းရဲကြီးစွာဖြင့် ပြန်လည်ထိုးစစ်ဆင်နွှဲနေသည့် သတင်းများ၊ ပြည်သူများကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးသည့်သတင်းများ၊ ကူညီကယ်ဆယ်ရေး ဆောင်ရွက်ပေးသည့်သတင်းများကြောင့် ကျေးဇူးအထူးတင်ရှိမိပါသည်။ တပ်မတော်၏ စွန့်လွှတ်စွန့်စားမှု၊ ရဲဝံ့စွာ ပြည်သူအတွက် ဦးဆောင်တိုက်ပွဲဝင်နေရခြင်းအပေါ် ဂုဏ်ယူဦးညွှတ်မိသည့်အပြင် မိမိဒေသအတွက် ကျွန်မတို့ဒေသခံများလည်း လိုအပ်ပါက တပ်မတော်နှင့်အတူတူ တိုက်ပွဲဝင်ရန် အသင့်ရှိနေကြပါသည်။**

တပ်မတော်သားများအား ချီးကျူးဂုဏ်ပြုသည့် အစီအစဉ်များကိုလည်း မီဒီယာများနှင့် ရုပ်သံများတွင် များများဖော်ပြပေးစေလိုပါသည်။ မိမိတို့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို တတ်စွမ်းသမျှ ကာကွယ်ပေးနေသည့် တပ်မတော်သားများအပေါ် လေးစားချစ်ခင်မှုကို ပြသသည့် အစီအစဉ်များကို မီဒီယာများတွင် ထည့်သွင်းစေလိုပါသည်။ သို့မှသာ အခြားပြည်သူများကလိုက်ပါ၍ တပ်မတော်သားများအတွက် ချီးကျူးဂုဏ်ပြုခြင်းဖြင့် နိုင်ငံအတွက် ကာကွယ်စောင့်ရှောက်ရသူ တပ်မတော်သားများတွင်လည်း အားတစ်ရပ်လည်း ဖြစ်စေပါလိမ့်မည်။

ပြည်သူကို နှိပ်စက်ကလူပြုနေပြီး အကြမ်းဖက်ကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ PDF များကို ဒေသခံများ၏ အား၊ စစ်မှုထမ်းဟောင်းများ၏ အား၊ နိုင်ငံချစ်ပြည်သူများ၏ အားကို ရယူစုစည်းပူးပေါင်းပြီး နာလန်မထူနိုင်၊ အမြစ်ပြုတ်သည်အထိ တပ်မတော်က ချေမှုန်းသုတ်သင်ပေးပါ။ ရှမ်းပြည်နယ်(မြောက်ပိုင်း) အပါအဝင် ကျွန်မတို့ ပြည်ထောင်စုအတွင်းရှိ နေရာဒေသအားလုံး တည်ငြိမ်အေးချမ်းမှုရရှိအောင် အမြန်ဆုံးဆောင်ရွက်ပေးပါဟု စာတည်းထံပေးစာမှတစ်ဆင့် အားကိုးစွာ တင်ပြလိုက်ရပါသည်။

**လားရှိုးမြို့မှ မနန်းနန်း**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။



# ပင်ဆယ်ဗေးနီးယားပြည်နယ် လူထုစုဝေးပွဲ၌ အမေရိကန်သမ္မတဟောင်း ဒေါ်နယ်ထရမ့် ပစ်ခတ်ခံရပြီး ဒဏ်ရာရ

**ဝါရှင်တန် ဇူလိုင် ၁၄**

ပင်ဆယ်ဗေးနီးယား၌ ဇူလိုင် ၁၃ ရက်က ပြုလုပ်သည့် လူထုဟောပြောပွဲအတွင်း အမေရိကန်သမ္မတဟောင်း ဒေါ်နယ်ထရမ့် သေနတ်ဖြင့် ပစ်ခတ်ခံရပြီး နားရွက်တွင် ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။


သေနတ်ဖြင့်ပစ်ခတ်သူဟု သံသယရှိသူနှင့် လူထုဟောပြောပွဲသို့ တက်ရောက်လာသူတစ်ဦးတို့ သေဆုံးခဲ့ကြောင်း အထူးထောက်လှမ်းရေးဌာနက ပြောသည်။ ထရမ့် မိန့်ခွန်းပြောကြားစဉ် ပစ်ခတ်ခံရပြီးနောက် ၁၀ မိနစ်ခန့် သေနတ်သံများ ကြားနေရကြောင်း၊ ထရမ့်သည် အထူးထောက်လှမ်းရေးဌာနမှ ထောက်လှမ်းရေးအဖွဲ့ဝင်များ၏ စောင့်ရှောက်မှု မရသေးမီ စင်မြင့်အောက်တွင် ပုန်းနေခဲ့ရသည်။ အမေရိကန်သမ္မတဟောင်း ဒေါ်နယ်ထရမ့်မှာ ဘေးကင်းကြောင်း လူမှုကွန်ရက်မီဒီယာတွင် အထူးထောက်လှမ်းရေးဌာနက သတင်းစကားပါးခဲ့သည်။ ပစ်ခတ်သူဟု သံသယရှိသူမှာလည်း သေဆုံးသွားပြီဟု သိရသည်။

လူထုစုဝေးပွဲသို့ တက်ရောက်လာသူတစ်ဦး သေဆုံးခဲ့ပြီး နှစ်ဦးမှာ ပြင်းထန်စွာဒဏ်ရာများရရှိခဲ့ကြောင်း၊ သံသယရှိသူသည် အဆောက်အအုံ ခေါင်မိုးပေါ်မှ ရိုင်ဖယ်သေနတ်ဖြင့် ရစ်ချက်ခန့် ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း စုံစမ်းစစ်ဆေးရေး အာဏာပိုင်များ၏ ပြောကြားချက်ကို ကိုးကား၍ အေဘီစီသတင်းဌာနတွင် ဖော်ပြထားသည်။

ထရမ့်ကလည်း ပစ်ခတ်ခံရမှုအပြီးတွင် လူမှုကွန်ရက်မီဒီယာပေါ်၌ ကြေညာချက်ထုတ်ပြန်ခဲ့သည်။ သေဆုံးသွားသူနှင့် ဒဏ်ရာရရှိခဲ့သူများ၏ မိသားစုဝင်များကို ဝမ်းနည်းကြောင်း ၎င်းက ပြောကြားခဲ့သည်။ ထရမ့်က ၎င်းတို့ နိုင်ငံတွင် ယခုကဲ့သို့ အဖြစ်အပျက်မျိုးဖြစ်လာသည်မှာ ယုံကြည်ဖွယ်ရာမရှိကြောင်း၊ ပစ်ခတ်သူနှင့် ပတ်သက်၍ မည်သည့်အကြောင်းအရာမျှ မသိရသေးကြောင်း ပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်ကလည်း အဆိုပါဖြစ်ရပ်ကို ပြင်းပြင်းထန်ထန် ရှုတ်ချခဲ့သည်။ အမေရိကန်တွင် ယခုကဲ့သို့ အကြမ်းဖက်ဖြစ်ရပ်မျိုးအတွက် နေရာမရှိကြောင်း လူမှုကွန်ရက်မီဒီယာပေါ်တွင် ရှုတ်ချပြောဆိုခဲ့သည်။

**အင်န်အိတ်ချ်ကေ**



သေနတ်သံများထွက်ပေါ်လာပြီးနောက် ထောက်လှမ်းရေးဌာနမှ အရာရှိများက ထရမ့်အား ဝိုင်းဝန်း ကာကွယ်ထားသည်ကို တွေ့ရစဉ်။

## အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးလ်၌ လုံခြုံရေးကင်မရာ(စီစီတီဗွီ) ၈၀၀၀၀ တပ်ဆင်

**ကဘူးလ် ဇူလိုင် ၁၄**

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော် ကဘူးလ်တွင် လုံခြုံရေးနှင့် ရာဇဝတ်မှုများ စစ်ဆေးရန်အတွက် စီစီတီဗွီ ၈၀၀၀၀ ခန့် တပ်ဆင်ထားကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အဗ္ဗဒူ မာတင်ခါနီက ပြောကြားသည်။

လူဦးရေ ခြောက်သန်းခန့်ရှိသည့် ကဘူးလ်မြို့၏ လမ်းဆုံများတွင်



အရေးကြီးသော နေရာများ၊ လူစည်ကားသောနေရာများ၊ ရင်ပြင်များနှင့် လမ်းဆုံများတွင် ဇူလိုင် ၁၃ ရက် ညနေပိုင်းအထိ စီစီတီဗွီ ၈၀၀၀၀ ခန့်ကို တပ်ဆင်ထားကြောင်း ပြည်တွင်းရုပ်မြင်သံကြားသတင်း အစီအစဉ် တိုလိုနယူးစ်က ဖော်ပြသည်။

အာဖဂန် အိမ်စောင့်အစိုးရ၏ အစီအစဉ်သည် လာမည့် လေးနှစ်အတွင်း စစ်ဒဏ်သင့် နိုင်ငံတစ်ဝန်းလုံးရှိ ပြည်နယ်နှင့် မြို့များ အားလုံးတွင် ဗီဒီယိုစောင့်ကြည့်ရေးစနစ်တစ်ခု ထူထောင်ရန် ဖြစ်ကြောင်း အဆိုပါ တာဝန်ရှိသူက ဆိုသည်။

ကဘူးလ်အပြင် ကဘူးလ်၏မြောက်ဘက် ၅၅ ကီလိုမီတာအကွာ ပါဝမ်ပြည်နယ်၏ မြို့တော်ချာရီကာ၏ ထွက်ပေါက်နှင့် ဝင်ပေါက်များတွင်လည်း ကင်မရာများကို တပ်ဆင်ထားပြီးဖြစ်သည်။ စီစီတီဗွီများ တပ်ဆင်ပြီးနောက် ကဘူးလ်နှင့် အခြားမြို့များတွင် ခိုးမှု၊ ဓားပြတိုက်မှု၊ လူသတ်မှုနှင့် ပြန်ပေးဆွဲမှုအပါအဝင် ရာဇဝတ်မှုလုပ်ငန်းများ သိသိသာသာ လျော့ကျသွားကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

**ဆင်ဟွာ**

## ဖိလစ်ပိုင်လေကြောင်းလိုင်းပိုင် လေယာဉ်တစ်စင်း ပြေးလမ်းကျော်လွန်မှုဖြစ်ပွား

**မနီလာ ဇူလိုင် ၁၄**

ဖိလစ်ပိုင်လေကြောင်းလိုင်းမှ လေယာဉ်တစ်စင်းသည် ဇူလိုင် ၁၄ ရက် မွန်းလွဲပိုင်းက ပါလာဝန်ပြည်နယ် လေဆိပ်တွင် ပြေးလမ်းကို ကျော်လွန်သွားခဲ့ကြောင်း လေကြောင်းလိုင်းကုမ္ပဏီက ပြောသည်။

အဆိုပါလေယာဉ်ပေါ်တွင် ခရီးသည် ၅၃ ဦးနှင့် အမှုထမ်းလေးဦး လိုက်ပါလာပြီး အားလုံးဘေးကင်းစွာ လေယာဉ်ပေါ်မှ ဆင်းနိုင်ခဲ့ကြောင်း ကုမ္ပဏီက ပြောသည်။ အဆိုပါလေယာဉ်သည် စီဘူးပြည်နယ်မှ ပါလာဝန်သို့ ထွက်ခွာလာသည့်လေယာဉ်ဖြစ်ပြီး ရာသီဥတုဆိုးရွားမှုကြောင့် ညနေ ၃ နာရီမတိုင်မီ ဘုစ်ဝမ်ဂါလေဆိပ်သို့ ဆင်းသက်စဉ် ပြေးလမ်းကို ကျော်လွန်သွားခဲ့ခြင်းဖြစ်သည်ဟု ဖိလစ်ပိုင်လေကြောင်းလိုင်း ကုမ္ပဏီက ပြောသည်။

လေယာဉ်သည် ကွန်ကရစ် ပြေးလမ်းကိုကျော်လွန်၍ မြက်ခင်းပြင်တွင် ရပ်တန့်သွားကြောင်း၊ လေဆိပ်ကို ပိတ်ထားခဲ့ရပြီး အခြားဝင်လာသော လေယာဉ်များကို အခြားလေဆိပ်သို့ လမ်းကြောင်းပြောင်းကာ ဆင်းသက်စေခဲ့ရသည်။ ဘုစ်ဝမ်ဂါလေဆိပ်တွင် ပုံမှန်လည်ပတ်မှုများ ပြန်လည်လုပ်ဆောင်ရန် သက်ဆိုင်ရာအာဏာပိုင်များက ဆောင်ရွက်လျက်ရှိကြောင်း ဖိလစ်ပိုင်လေကြောင်းလိုင်းက ပြောသည်။ ဖိလစ်ပိုင်နိုင်ငံ၏ ပြည်သူ့လေကြောင်းအာဏာပိုင်အဖွဲ့က အဆိုပါဖြစ်ရပ်နှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှုပြုလုပ်မည်ဟု ခန့်မှန်းထားသည်။ **ဆင်ဟွာ**

## ၂၀၄၀ ပြည့်နှစ်တွင် သက်ကြီးရွယ်အို ပြုစုစောင့်ရှောက်ရေးလုပ်သား ၅၇၀၀၀၀ လိုအပ်မည်ဟု ဂျပန်အစိုးရ ခန့်မှန်း

**တိုကျို ဇူလိုင် ၁၄**

ဂျပန်နိုင်ငံ၌ ၁၉၇၁ ခုနှစ်မှ ၁၉၇၄ ခုနှစ်အတွင်း မွေးဖွားသည့် မျိုးဆက်များ အသက် ၆၅ နှစ်အရွယ်သို့ ရောက်ရှိမည့် ဘဏ္ဍာနှစ် ၂၀၄၀ တွင် နိုင်ငံအတွင်းရှိ သက်ကြီးရွယ်အိုများကို ထောက်ပံ့ရန်အတွက် ပြုစုစောင့်ရှောက်ရေး လုပ်သားပေါင်း ၅၇၀၀၀၀ လိုအပ်မည်ဟု ဂျပန်အစိုးရက ခန့်မှန်းထားသည်။



ခရိုင်တစ်ခုစီမှ သုံးနှစ်တစ်ကြိမ် ရေးဆွဲထားသော အစီအစဉ်များ အပေါ်မူတည်၍ သက်ကြီးရွယ်အိုများကို ထောက်ပံ့ရန် လိုအပ်သော စောင့်ရှောက်မှု လုပ်သားအရေအတွက် အကဲဖြတ်စစ်တမ်းကို ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက ဇူလိုင် ၁၂ ရက်က ထုတ်ပြန်ခဲ့သည်။

ဘဏ္ဍာနှစ် ၂၀၂၆ ခုနှစ်တွင် စောင့်ရှောက်မှု လုပ်သားဦးရေ လိုအပ်ချက် ၂ ဒသမ ၄ သန်းနှင့် ၂၀၄၀ ဘဏ္ဍာနှစ်တွင် ၂ ဒသမ ၇၂ သန်းအထိ ရှိမည်ဟု ဝန်ကြီးဌာနက ခန့်မှန်းထားသည်။ ၂၀၂၂ ဘဏ္ဍာနှစ်တွင် သက်ကြီးရွယ်အိုများကို ပြုစုစောင့်ရှောက်ပေးသူ ၂ ဒသမ ၁၅ သန်းသာရှိခဲ့သော်လည်း အမှန်တကယ် လိုအပ်ချက် ပြည့်မီရန် ပျမ်းမျှအားဖြင့် ၂၀၄၀ ပြည့်နှစ်အထိ နှစ်စဉ် ပြုစုစောင့်ရှောက်ရေးလုပ်သား ၃၂၀၀၀ လိုအပ်မည်ဖြစ်သည်။

အစိုးရက လုပ်ငန်းခွင်အခြေအနေများ ပိုမိုကောင်းမွန်လာစေရန်၊ ပြုစုစောင့်ရှောက်ပေးသည့် လုပ်သားဦးရေ တိုးမြှင့်လာစေရန်နှင့် နိုင်ငံခြားမှ နိုင်ငံသားများကို ၎င်းရမ်းရာတွင် လွယ်ကူချောမွေ့စေရန် ဆောင်ရွက်ပေးလျက်ရှိသည်။ သို့သော်လည်း တိုင်းပြည်၏ ရေရှည်သူနာပြုစောင့်ရှောက်မှု အာမခံအစီအစဉ်အောက်တွင် အဆိုပါအစီအမံများက လုပ်သားလိုအပ်ချက်ကို ဖြည့်ဆည်းရန် လုံလောက်ခြင်း မရှိသေးပေ။

**အင်န်အိတ်ချ်ကေ**

## ခန်းယူနစ်မြို့ကို အစ္စရေးက လေကြောင်းတိုက်ခိုက် ၉၀ သေဆုံးပြီး၊ ၃၀၀ ထိခိုက်ဒဏ်ရာရ

**ဂါဇာ ဇူလိုင် ၁၄**

ဂါဇာတောင်ပိုင်းကို အစ္စရေးက လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ရာ လူပေါင်း ၉၀ ထက်မနည်း သေဆုံးပြီး အခြား ၃၀၀ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဂါဇာကျန်းမာရေးအာဏာပိုင်များက ပြောသည်။

ဟားမားစ်ခေါင်းဆောင်များကို ပစ်မှတ်ထားကာ စနေနေ့က ဂါဇာတောင်ပိုင်း ခန်းယူနစ်မြို့ကို လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ကြောင်း အစ္စရေးတပ်မတော်က ပြောသည်။ အဆိုပါ လေကြောင်းတိုက်ခိုက်မှုအတွင်း ပစ်မှတ်ထားသော ဟားမားစ်တပ်မှူးနှစ်ဦး သေဆုံးသည်ကို အတိအကျမသိရသေးကြောင်း အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက စနေနေ့တွင် ပြောသည်။ ၎င်းတို့ထဲမှ တစ်ဦးမှာ ဟားမားစ်စစ်ဘက်ဆိုင်ရာ အယ်ကာဆမ်တပ်မဟာကို ဦးစီးသည့် မိုဟာမက် ဒေ့ဖ်ဆိုသူဖြစ်ကြောင်း သိရသည်။

ဟားမားစ်၏ ထုတ်ပြန်ချက်တွင် ယင်းလေကြောင်းတိုက်ခိုက်မှုမှာ အိုးအိမ်စွန့်ခွာသူ ၈၀၀၀၀ ကျော်နှင့် အတူ လူစည်ကားရာဒေသတစ်ခုတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။ ထို့ပြင် ဟားမားစ်ခေါင်းဆောင်များကို ပစ်မှတ်ထားသည်ဆိုသော အစ္စရေး၏ စွပ်စွဲချက်များမှာ မှားယွင်းကြောင်းနှင့် ကြောက်မက်ဖွယ်ရာ အစုလိုက် အပြုံလိုက် သတ်ဖြတ်မှုကို ဖုံးကွယ်ရန် ရည်ရွယ်ခြင်းသာဖြစ်ကြောင်း အဆိုပါ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ **အင်န်အိတ်ချ်ကေ**

## သီရိလင်္ကာ၌ ယခုနှစ်အတွင်း သွေးလွန်တုပ်ကွေးဖြစ်ပွားသူ ၃၀၀၀၀ ကျော်ရှိပြီး သေဆုံးသူ ၁၂ ဦးရှိ

**ကိုလံဘို ဇူလိုင် ၁၄** –အမျိုးသားသွေးလွန်တုပ်ကွေးရောဂါထိန်းချုပ်ရေးယူနစ်မှ ဇူလိုင် ၁၃ ရက်က ထုတ်ပြန်သည့် နောက်ဆုံးအချက်အလက်များအရ ယခုနှစ်အတွင်း သီရိလင်္ကာနိုင်ငံ၌ သွေးလွန်တုပ်ကွေးဖြစ်ပွားသူ ၃၀၀၀၀ ကျော်ရှိကြောင်း သိရသည်။

ယခုနှစ်အစပိုင်းမှစတင်၍ ရောဂါဖြစ်ပွားသူ ၃၀၀၅၇ ဦးရှိပြီး ၁၂ ဦး သေဆုံးခဲ့ကြောင်း၊ ၎င်းတို့အနက်မှ ဇူလိုင်လတစ်လတည်းတွင် ရောဂါကူးစက်ဖြစ်ပွားသူ ၁၈၁၈ ဦးရှိကြောင်း အမျိုးသားသွေးလွန်တုပ်ကွေး ရောဂါ ထိန်းချုပ်ရေးယူနစ်က ထုတ်ပြန်ထားကြောင်း သိရသည်။

**ဆင်ဟွာ**

# တောင်ကလေးပရိယတ္တိစာသင်တိုက် နာယကဆရာတော် ဘဒ္ဒန္တပညာသာမိ(တောမှီရဟန်း)၏ (၆၄)နှစ်မြောက် ဝိဇာတမွေးနေ့မင်္ဂလာအထိမ်းအမှတ် သိမ်တော်၊ ဆွမ်းစားဆောင်၊ ဆွမ်းချက်ဆောင်နှင့် မော်တော်ယာဉ် ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကျင်းပ



**ဘားအံ ဇူလိုင် ၁၄**

ကရင်ပြည်နယ် တောင်ကလေးပရိယတ္တိ၊ ပဋိပတ္တိ သာသနာ့အေးရိပ်သာ နာယကချုပ်၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သီရိပျံချီဒေါက်တာဘဒ္ဒန္တပညာသာမိ (တောမှီရဟန်း) အရှင်သူမြတ်၏ (၆၄) နှစ်မြောက် ဝိဇာတမွေးနေ့မင်္ဂလာအထိမ်းအမှတ်အနေဖြင့် ဘားအံမြို့ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် အလှူရှင် ဦးခမ္မကိတ္တိနှင့် ဒေါ်ခမ္မကေသရီ (တောင်ကလေးကျောင်း)မိသားစုတို့ကဆောက်လုပ်လှူဒါန်းသည့် သိမ်တော်၊ ဆွမ်းစားဆောင်၊ ဆွမ်းချက်ဆောင်နှင့် မော်တော်ယာဉ် ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကို ဇူလိုင် ၁၄ ရက် နံနက် ၉ နာရီက အသစ်ဆောက်လုပ်လှူဒါန်းသည့် ဆွမ်းစားဆောင်၌ ကျင်းပရာ ပြည်နယ်သြဝါဒါစရိယ ဖွဲ့ကပင်တောင်ကျောင်းဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓမ္မကထိက ဗဟုဇနဟိတဓရ သီရိပျံချီ ဘဒ္ဒန္တကဝိဓဇအမှူးပြုသော ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြသည်။

ဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ဒုတိယတိုင်းမှူး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ အလှူရှင်မိသားစုများ၊ ဆရာတော်ကြီးများ၏ တပည့်ဒါယကာ၊ ဒါယိကာမများနှင့် ဧည့်ပရိသတ်အပေါင်းတို့က နိုင်ငံတော်သြဝါဒါစရိယ ဥဒေါင်းတိုက်ကျောင်းဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခန္တီဝဏ္ဏထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူသည့် မေတ္တာသုတ် အစရှိသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြကာ ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

ထို့နောက် နိုင်ငံတော်သြဝါဒါစရိယ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ကျောင်းအုပ်ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိဇ္ဇာနန္ဒ က သိမ်တော်၊ ဆွမ်းစားဆောင်၊ ဆွမ်းချက်ဆောင်နှင့် မော်တော်ယာဉ် အလှူခံရရှိခြင်းနှင့်ပတ်သက်၍ ကျေးဇူးတင်ဝမ်းမြောက်ကြောင်း ပြောကြားပြီး အလှူရှင်များက ဗိသုကာအင်ဂျင်နီယာအား ဂုဏ်ပြုလက်ဆောင်ပြန်လည်ပေးအပ်ချီးမြှင့်ကာ ဧည့်ပရိသတ်အပေါင်းတို့က ဖွဲ့ကပင်တောင်ကျောင်းဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓမ္မကထိကဗဟုဇနဟိတဓရ သီရိပျံချီ ဘဒ္ဒန္တကဝိဓဇထံမှ အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်များနှင့် ဧည့်ပရိသတ်အပေါင်းတို့က ဗုဒ္ဓ သာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားပြီးမြောက်ကြောင်း ကြေညာပြီး ရတနာရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးခဲ့ကြကာ ပြည်နယ်ဝန်ကြီးချုပ်အမှူးပြုသော တပည့်ဒါယကာ၊ ဒါယိကာမများက ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ယနေ့အခမ်းအနားတွင် တောင်ကလေးပရိယတ္တိ၊ ပဋိပတ္တိ သာသနာ့အေးရိပ်သာ နာယကချုပ်၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သီရိပျံချီဒေါက်တာဘဒ္ဒန္တပညာသာမိ (တောမှီရဟန်း) အရှင်သူမြတ်၏ သာသနာကို ချစ်မြတ်နိုးသောစိတ်ဖြင့် ဆရာတော်၏ သာဝက၊ တပည့်၊ ဒါယကာ၊ ဒါယိကာမများဖြစ်သော ဦးခမ္မကိတ္တိနှင့် ဒေါ်ခမ္မကေသရီ(တောင်ကလေးကျောင်း) မိသားစုတို့နှင့်လက်တွဲကာ ငွေကျပ်သိန်း ၇၀၀၀ ကျော် တန်ဖိုးရှိ ဆွမ်းစားဆောင်တစ်ဆောင်၊ သိန်း ၁၀၀၀ ကျော်တန်ဖိုးရှိ ဆွမ်းချက်ဆောင်တစ်ဆောင်၊ သိန်း၁၅၀၀ ကျော်တန်ဖိုးရှိ သိမ်တော်ကြီးတစ်ဆောင်၊ သိန်း ၅၄၀ ကျော်တန်ဖိုးရှိ မော်တော်ယာဉ်တစ်စီး၊ ကျောင်းအဝင်မုခ်ဝကြီးနှင့် အုတ်တံတိုင်းများကို အသစ်တစ်ဖန် ပြန်လည်တည်ဆောက်လှူဒါန်း၍ သက်တော် (၆၄)နှစ်ပြည့် ဝိဇာတမွေးနေ့မင်္ဂလာ အထိမ်းအမှတ်အဖြစ် ရေစက်ချအလှူတော်မင်္ဂလာ အခမ်းအနားကို ကျင်းပခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## တောင်တွင်းကြီးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံနှင့် ပဲမျိုးစုံ ၁၂၉၉၃၈ ဧက စိုက်ပျိုးပြီးစီး

**တောင်တွင်းကြီး ဇူလိုင် ၁၄**

နိုင်ငံတော်မှ ပြည်တွင်းစားသုံးဆီဖူလုံရန်၊ ပြည်ပစားသုံးဆီတင်သွင်းမှု လျှော့ချနိုင်ရန်အတွက် စိုက်ပျိုးရေးလုပ်ငန်းများကို အဓိကထားဆောင်ရွက်လျက်ရှိရာ တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ဒေသခံပြည်သူအများစုသည် ရာသီအလိုက်သီးနှံများကို မိမိတို့၏ လယ်မြေ၊ ယာမြေများတွင် စိုက်ပျိုးထားရှိပြီး ယခုနှစ်မိုးသီးနှံ စိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံနှင့် ပဲမျိုးစုံ ဧကပေါင်း ၁၂၉၉၃၈ ဧက စိုက်ပျိုးပြီးစီးခဲ့ပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တောင်တွင်းကြီးမြို့နယ်တွင် ၂၀၂၄- ၂၀၂၅ ခုနှစ် မိုးရာသီတွင် မိုးနှမ်း ၁၁၄၉၈၃ ဧက၊ မိုးမြေပဲ ၁၁၉၁၀ ဧက၊ မိုးနေကြာ ၃၆၁၃ ဧကနှင့် ပဲတီစိမ်း ၁၉၃၃၅ ဧက၊ ပဲစင်းငုံ ၉၃၅ ဧကတို့ကို စိုက်ပျိုးရန် လျာထားလျက်ရှိရာ ဒေသခံတောင်သူများ၏ လယ်၊ ယာမြေများတွင် ဇူလိုင် ဒုတိယပတ်အထိ ဆီထွက်သီးနှံမိုးနှမ်းဧက ၁၁၇၇၁၁ ဧက၊ မိုးမြေပဲ ၄၇၉၁ ဧက၊ မိုးနေကြာ ၃၆၆ ဧကနှင့် အခြားသီးနှံ ပဲတီစိမ်း ၅၈၈၀ ဧက၊ ပဲစင်းငုံ ၁၁၈၉ ဧကကို စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်းနှင့် မိုးနှမ်း (+၂၇၂၈)ဧက၊ ပဲစင်းငုံ (+၂၅၄)ဧကတို့သည် လျာထားဧကထက် ကျော်လွန်၍ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးရာသီစိုက်ပျိုးသီးနှံများ လျာထားဧက ပြည့်မီကျော်လွန် စိုက်ပျိုးနိုင်ရေးအတွက် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့် ရွေးချယ် စိုက်ပျိုးနိုင်ရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ကွင်းဝန်ထမ်းများက ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး လိုအပ်သည့် နည်းပညာများနှင့် စိုက်ပျိုးရေးအသိပညာပေးလုပ်ငန်းများကို ဝိုင်းဝန်းကူညီပံ့ပိုးလျက်ရှိကြောင်း သိရသည်။ **ရန်နောင်(ဗိဿနိုးမြေ)**



## ညောင်လေးပင်မြို့နယ်၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အကြို ပြိုင်ပွဲများကျင်းပ

**ညောင်လေးပင် ဇူလိုင် ၁၄**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အကြို စာစီစာကုံး၊ ကျပန်းစကားပြော၊ စာဖတ်စွမ်းရည်၊ ပုံပြင်ပြောနှင့် ကဗျာရွတ်ပြိုင်ပွဲများကို ပြွန်တန်ဆာမြို့ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း ဘိုးရာဇာခန်းမ၌ ဇူလိုင် ၁၃ ရက်က စတင်ကျင်းပသည်။



ပြိုင်ပွဲများ ကျင်းပရာတွင် စာစီစာကုံး၊ ကျပန်းစကားပြောနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲများ၊ ပုံပြင်ပြောနှင့် ကဗျာရွတ်ပြိုင်ပွဲများကို နံနက်ပိုင်းမှ စတင်ကျင်းပပြီး အဆိုပါ ပြိုင်ပွဲများသို့ ညောင်လေးပင်မြို့နယ်အတွင်းရှိအခြေခံပညာ ကျောင်းများမှ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းသား ကျောင်းသူ ၁၈၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

အဆိုပါ ပြိုင်ပွဲများကို ညောင်လေးပင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်ပညာရေးမှူးနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး၊ ကျောင်းအုပ်ဆရာ ဆရာမကြီးများနှင့် ဆရာ ဆရာမများ တက်ရောက်ကြည့်ရှု အားပေးကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဧရာဝတီမြစ်ရေ အောင်လံမြို့တွင် စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၁၄**

ယနေ့ နံနက် ၁၀ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် အောင်လံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၁ စင်တီမီတာ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် တစ်ရက်အတွင်း တစ်ပေခွဲခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ အောင်လံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

## ဧရာဝတီ၊ ငဝန်နှင့် တိုးမြစ် ရေကြီးမှုအခြေအနေများ

**နေပြည်တော် ဇူလိုင် ၁၄**

ယနေ့ မွန်းလွဲ ၁၂နာရီခွဲ တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ဇလွန်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေဝက်ခန့် (၁၆ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၁၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခွဲခန့် (၄၀ စင်တီမီတာ) တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

တိုးမြစ်ရေသည် မအူပင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခန့် (၃၁ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ပြည်မြို့နယ်၊ ဇလွန်မြို့နယ်၊ မအူပင်မြို့နယ်နှင့် ငါးသိုင်းချောင်းမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

# ရေဝတီမြစ်ရေတက်မှုကြောင့် လူနေအိမ်များပြောင်းရွှေ့ပေးခြင်းနှင့် ရေဘေးသင့်ပြည်သူများအား ထောက်ပံ့

**မင်းဘူး**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်တွင် ဧရာဝတီမြစ်ရေ ဝင်ရောက်ပြီး စိုးရိမ်ရေအမှတ် ၁၇၀၀ စင်တီမီတာအထက်သို့ ကျော်လွန်နေပြီဖြစ်ရာ မြစ်ရေဝင်ရောက်သည့် ရပ်ကွက်များရှိ ရေဘေးသင့် အိမ်ထောင်စုဝင်များအား ကုန်းမြင့်ပိုင်းရှိ ရေဘေးရှောင် စခန်းများသို့ ရွှေ့ပြောင်းပေးနေကြောင်း မင်းဘူးမြို့ သဘာဝ ဘေးအန္တရာယ် စီမံခန့်ခွဲမှုအဖွဲ့ထံမှ သိရသည်။

ထိုသို့ ရေဘေးသင့် အိမ်ထောင်စုဝင်များကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးရာတွင်မင်းဘူး(စကု)မြို့နယ်တွင် ၃၉၆ စု၊ လူဦးရေ ၁၆၃၁ ဦးနှင့် နွားကောင်ရေ ၁၆၇ ကောင်၊ ဆိတ် ၂၆၇ ကောင်၊ ဝက် သုံးကောင် အား ရေလွတ်ရာကုန်းမြင့်ပိုင်းရှိ ရေဘေးရှောင်စခန်းများ သို့ ရွှေ့ပြောင်းနေရာချထားပေးခဲ့ကြောင်း မင်းဘူးမြို့ သဘာဝ ဘေးအန္တရာယ် စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်က ပြောသည်။

**ဇေယျာထက်(မင်းဘူး)**



**အောင်လံ**

မကွေးတိုင်းဒေသကြီး အောင်လံမြို့ ရပ်ကွက်များ၌ ဧရာဝတီ မြစ်ရေမြင့်တက်လာမှုကြောင့် မြေနိမ့်ပိုင်းနေရာများတွင် မြစ်ရေ ဝင်ရောက်မှုဖြစ်ပွားလျက်ရှိပြီး အောင်လံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်သက်ဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်မီးသတ်ဦးစီးဌာနတို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးခြင်း၊ လိုအပ်သည့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများနှင့် ဘေးလွတ်ရာနေရာများသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ ရေဘေးသင့်ပြည်သူများအတွက် ယာယီနေရာစီစဉ်ပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မျိုးသိန်း(ပြန်/ဆက်)**

ပွင့်ဖြူ

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ဧရာဝတီမြစ်ရေ မြင့်တက်မှု ကြောင့် ရေဘေးသင့်ကျေးရွာများဖြစ်သည့် သံကိုင်းကျေးရွာ၊ သိမ်ကုန်း ကျေးရွာနှင့် ကံလှကျေးရွာတို့မှ ကျွဲနွားတိရစ္ဆာန်များ၊ ရေဘေးလွတ်ရာ သို့ ရွှေ့ပြောင်းနေထိုင်ရသည့် ဒေသခံပြည်သူများအတွက် သောက်သုံးရေ အဆင်ပြေစေရန် ဇူလိုင် ၁၄ ရက် နံနက် ၉ နာရီက မြို့နယ်သဘာဝဘေးအန္တရာယ်လုပ်ငန်း ကြီးကြပ်မှုကော်မတီအဖွဲ့က ရေသန့်နှင့် ရေသန့်ဘူးကတ်များ သွားရောက်ထောက်ပံ့ပေးအပ်သည်။ ထိုသို့ သောက်သုံးရေများ ထောက်ပံ့ပေးရာတွင် မြို့နယ်သဘာဝ ဘေးအန္တရာယ်လုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်မြတ်ခိုင် နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်းအဖွဲ့က ရေဘေးသင့်ကျေးရွာ များမှ ပြည်သူများကို တွေ့ဆုံ၍ ရေဘေးအန္တရာယ်ကျရောက်စဉ် လိုက်နာရမည့် ဆောင်ရန်ရှောင်ရန်များကို ရှင်းလင်းဆွေးနွေး ပြောကြားပြီး သောက်သုံးရေ ဖူလုံစေရန် သောက်ရေသန့် ရေဂါလန် ၁၈၅၀ နှင့် တစ်လီတာ ရေသန့်ကတ် ၁၀၀ တို့ကို စနစ်တကျပေးအပ် လှူဒါန်းသည်။

အဆိုပါ ရေဘေးသင့်ကျေးရွာများမှ ဒေသခံပြည်သူများသည် ကုန်းဇောင်းကျေးရွာနှင့် သံကိုင်းကျေးရွာသို့ ဆက်သွယ်သွားလာသည့် တာပေါင်ပေါ်တွင် နွားအကောင်ရေ ၂၅၀၊ ကျွဲအကောင်ရေ ၅၀ နှင့် အတူ ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရသည်။

**လှိုင်ဝင်းလေး ( ပွင့်ဖြူမြေ )**

**ရေနံချောင်း**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် မာန်မြေကျေးရွာအုပ်စု မိန်းမလှကျွန်းကျေးရွာ၌ ဇူလိုင် ၁၀ ရက်တွင် ဧရာဝတီမြစ်ရေ မြင့်တက် မှုကြောင့် ကျေးရွာအတွင်း ရေဝင်ရောက်လာသဖြင့် ရေဘေးရှောင် ပြည်သူများအား ရေနံချောင်းမြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကြည်ပြာစိုးနှင့် ဝန်ထမ်း များက ဆန်ရိက္ခာဖိုးထောက်ပံ့ရန်ပံ့ငွေကို ယမန်နေ့က ပေးအပ်ခဲ့ ကြောင်း ရေနံချောင်းမြို့နယ် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီး ဌာနက သိရသည်။ ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ကျေးရွာ အတွင်း ရေဝင်ရောက်လာသဖြင့် ရေဘေးရှောင်ပြောင်းရွှေ့အိမ်ခြေ ၃၆ လုံး၊ စုစုပေါင်းလူဦးရေ ၁၅၁ ဦးတို့အား ရေနံချောင်းမြို့နယ် ပင်း၀ ကျေးရွာအုပ်စု ဘုရားကုန်းကျေးရွာ ပင်းစက္ကလံပဘုရားဝင်း အတွင်း ရှိ ဇရပ်တန်ဆောင်းတွင် ပြောင်းရွှေ့နေထိုင်လျက်ရှိသည်။

အဆိုပါ ပြောင်းရွှေ့အိမ်ထောင်စုများအတွက် ဆန်ရိက္ခာဖိုး ခုနစ်ရက်စာအတွက် ထောက်ပံ့ငွေကို ရေနံချောင်းမြို့နယ် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ပြီးဖြစ်ကြောင်း သိရသည်။

**ဆန်းညွန့်(ရေနံချောင်း)**

**ဆင်ပေါင်ဝဲ**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် သာယာမိုးရပ်ကွက်ရှိ ရေဘေးသင့်အိမ်ထောင်စုများအား ယနေ့နံနက်ပိုင်းက မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးချန်ဖီယာန်၊ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးအရာရှိ ဦးစစ်နိုင်ထွန်းနှင့် မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးဆန်းဝင်းတို့က သာယာမိုးကျေးရွာမှ လူဦးရေ ၁၅ ဦးတို့အတွက် ဆန်နှင့် ကြက်ဥတို့အား လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ ကြောင်း သိရသည်။ **ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

# ဧရာဝတီနှင့် ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေများ

**နေပြည်တော် ဇူလိုင် ၁၄**

**ဧရာဝတီမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ နံနက် ၈ နာရီခွဲ တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ရွှေကူမြို့တွင် (၉၂၉ စင်တီမီတာ) သို့ရောက်ရှိနေပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ် ၉၃၀ စင်တီမီတာ အောက်သို့ (၁ စင်တီမီတာ) ပြန်လည် ကျဆင်းပြီးဖြစ်သည်။

ကသာမြို့တွင် ၁၀၃၄ စင်တီမီတာသို့ ရောက်ရှိနေပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၀၄၀ စင်တီမီတာအောက်သို့ နှစ်လက်မခွဲခန့် (၆ စင်တီမီတာ) ပြန်လည်ကျဆင်းပြီးဖြစ်သည်။

ဇူလိုင် ၁၃ ရက် နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေ သည် သပိတ်ကျင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခန့် (၅၉ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၈ နာရီခွဲ တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေ သည် မန္တလေးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခွဲ ခန့် (၃၉ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေ သည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

စစ်ကိုင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခွဲခန့် (၄၃ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

မြင်းမူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခန့် (၅၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ပခုက္ကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ လေးပေခွဲခန့် (၁၃၂ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ညောင်ဦးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ငါးပေခွဲ ခန့် (၁၆၀ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေ သည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ချောက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေ ကျော်ခန့် (၃၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

မင်းဘူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခွဲခန့် (၄၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခွဲခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

မကွေးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့် (၂၃ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခွဲခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဆိပ်သာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့် (၃၀ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခွဲခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဟင်္သာတမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက် လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင် သည်။

**ချင်းတွင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ နံနက် ၈ နာရီခွဲ တိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေ သည် ခန္တီးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခွဲခန့် (၇၃ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခွဲခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ လေးပေ ခွဲကျော်ခန့် (၁၄၁ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဖောင်းပြင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ခုနစ်ပေ ခွဲခန့် (၂၂၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေ သည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့ ၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

မော်လိုက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ခုနစ်ပေ ခွဲကျော်ခန့် (၂၃၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ကလေးဝမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ခြောက်ပေ ခန့် (၁၇၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေ သည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့ ၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

မင်းကင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ငါးပေခွဲခန့် (၁၆၀ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

မုံရွာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ သုံးပေခန့် (၉၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ဒုဋ္ဌဝတီမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ နံနက် ၈ နာရီခွဲ တိုင်းထွာချက်အရ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခွဲခန့် (၄၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ သပိတ်ကျင်းမြို့နယ်၊ စစ်ကိုင်းမြို့နယ်၊ မြင်းမူမြို့နယ်၊ ပခုက္ကူမြို့နယ်၊ ညောင်ဦးမြို့နယ်၊ ချောက်မြို့နယ်၊ မင်းဘူးမြို့နယ်၊ မကွေးမြို့နယ်၊ ဟင်္သာတမြို့နယ်၊ ခန္တီးမြို့နယ်၊ ဟုမ္မလင်းမြို့နယ်၊ ဖောင်းပြင်မြို့နယ်၊ မော်လိုက်မြို့နယ်၊ ကလေးဝမြို့နယ်၊ မင်းကင်း မြို့နယ်၊ မုံရွာမြို့နယ်၊ မန္တလေးမြို့၊ မြစ်ငယ်မြို့နှင့် ဆိပ်သာမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

# ကွန်ပျူတာပညာရှင်အသင်းက ကြီးမှူးကျင်းပသည့် ITPEC စာမေးပွဲ အောင်လက်မှတ်ပေးအပ်ချီးမြှင့်

ရန်ကုန် ဇူလိုင် ၁၄

Information Technology Professionals Examination Council (ITPEC) အဖွဲ့ဝင် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ ကွန်ပျူတာ ပညာရှင်အသင်းက ၂၀၂၄ ခုနှစ် ဧပြီ ၂၈ ရက်တွင်ကျင်းပခဲ့သော ITPEC စာမေးပွဲတွင် အောင်မြင်ခဲ့ကြသူများအား အောင်လက်မှတ်ပေးအပ်ချီးမြှင့်ပွဲကို ဇူလိုင် ၁၃ ရက်က လှိုင်တက္ကသိုလ်နယ်မြေ MICT Park ရှိ ကွန်ဖရင့်ဟော၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် ဒုဥက္ကဋ္ဌ ဦးငြိမ်းဦးက ဧပြီ ၂၈ ရက်က ကျင်းပခဲ့သော IP စာမေးပွဲတွင် မြန်မာနိုင်ငံက ပထမနှင့် ဒုတိယရရှိခဲ့သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားသည်။




ထို့နောက် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် ဒုဥက္ကဋ္ဌက IP စာမေးပွဲတွင် ခုနစ်နိုင်ငံအနက် အမှတ်အများဆုံးဖြင့် ပထမ (Gold Award) ဆုရရှိသူ မောင်ကောင်းထက်အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ ITPEC Award ဆုရရှိသူများ၊ FE နှင့် IP Exam တို့တွင်မြန်မာနိုင်ငံ၌အမှတ်အများဆုံး (Excellence Award) ဆုရရှိသူများအား ဂုဏ်ပြုလက်မှတ်များပေးအပ်သည်။ ဆက်လက်၍ Fundamental Information Technology Engineer Examination (FE Exam ) စာမေးပွဲ အောင်မြင်သူ ၁၆၁ ဦး၊ Information Technology Passport Examination (IP Exam) အောင်မြင်သူ ၃၇၉ ဦးတို့အား အောင်လက်မှတ်များ ပေးအပ်ခဲ့သည်။

ITPEC အသိအမှတ်ပြု စာမေးပွဲများကို နှစ်စဉ် ဧပြီနှင့်အောက်တိုဘာလများတွင် ကျင်းပပြီး အဆိုပါစာမေးပွဲများကို မြန်မာနိုင်ငံ၊ ဂျပန်၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ ထိုင်း၊ မွန်ဂိုလီးယားနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့က အသိအမှတ်ပြုထားကြောင်းသိရသည်။

**မျိုးမင်းသူရ**

# ကျွန်းလှမြို့နယ်၌ ယခုနှစ် မိုးရာသီတွင် သီးနှံမျိုးစုံ ဧက ၂၄၀၀၀ ကျော် စိုက်ပျိုးပြီးစီး

ကျွန်းလှ ဇူလိုင် ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် လက်ရှိအချိန်ထိ သီးနှံမျိုးစုံ ဧက ၂၄၀၀၀ ကျော် စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ် မိုးသီးနှံမျိုးစုံစိုက်ပျိုးမှုအနေဖြင့် စပါး ၃၄၀၉၇ ဧက၊ ပဲမျိုးစုံ ၁၆၉၅၃ ဧက၊ ဆီထွက်သီးနှံ ၇၃၁၄ ဧက၊ အခြားသီးနှံ ၁၆၉၄၅ ဧက၊ နှစ်ရှည်ပင် ၁၅၄၉ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

ကျွန်းလှမြို့နယ်အတွင်းရှိ လယ်ယာမြေများမှာ မိုးကောင်းသောက်ဖြစ်သော်လည်း ချောင်းပိတ်၊ မြောင်းပိတ်နှင့် မြေအောက်ရေတင်ပြီး ရာသီအလိုက်သီးနှံမျိုးစုံ စိုက်ပျိုးကြကြောင်း၊ ယခုနှစ်မိုးရာသီတွင် သီးနှံမျိုးစုံစိုက်ပျိုးရန် ၇၆၈၅၈ ဧကလျာထားပြီး ဇွန်လကုန်အထိ ၂၄၆၂၁ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

အဆိုပါ မိုးသီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ပိုးမွှားကျရောက်မှုကြိုတင်ကာကွယ်ခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ပေါင်းမြက်ရှင်းခြင်းနှင့် စိုက်ပျိုးရေးနည်းပညာများ ကွင်းဆင်းအသိပညာပေးလျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းညို (ကျွန်းလှ)**



# စာပေဗိမာန်စာမူဆုရ စာအုပ်ဖြန့်ချိရောင်းချ

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က စာပေဗိမာန်စာမူဆု စာပဒေသာပထမဆုရရှိသည့် စာရေးဆရာ နေဇင် (ပေါက်ခေါင်း) ၏ "မြောက်ပိုင်းဒေသ ဘဝမှတ်တမ်း" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ဤစာအုပ်တွင် တပ်မတော်သားတစ်ဦး အမိစစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းမှ သင်တန်းဆင်းပြီးနောက် ကချင်ပြည်နယ် မိုးကောင်းမြို့ရှိ မိခင်တပ်ရင်းသို့ ရောက်ရှိခဲ့သည်။ ရောက်ရှိပြီးမကြာမီ တိုက်ပွဲဝင်စည်းရုံးရေး (အရာရှိ) သင်တန်းတက်ရသည်။ ထို့နောက်နမ္မတီးမြို့ မြောက်ဘက်ရှိ နမ်းခမ်းခ လျှပ်စစ်ဓာတ်အားပေးစက်ရုံကို သွားရောက်ရာ၌ ပါဝင်ခဲ့သည်။ တစ်ဖန် ခြေလျင်တပ်စုမှူးသင်တန်းဆင်းပြီး မိခင်တပ်သို့ ပြန်ရောက်သောအခါ နယ်မြေမှာ မအေးချမ်းတော့၍ စစ်ဆင်ရေးထွက်ရသည်။ စစ်ဆင်ရေးကာလအတွင်း စစ်ကြောင်းတစ်လျှောက် တိုင်းရင်းသား ရွာစဉ်များကို နယ်မြေစိုးမိုးရေးနှင့် လုံခြုံရေးတို့ ဆောင်ရွက်ပေးရသည်။ မအေးချမ်းသောဒေသဖြစ်၍ သောင်းကျန်းသူများနှင့် ထိတွေ့မှုများရှိခဲ့ရာ လက်နက်ကြီး၊ လက်နက်ငယ်အသံတို့မှာ နားကွဲမတတ်ခံစားခဲ့ရသည်။ အတွေ့အကြုံကနုနု မုန်တိုင်းက ထန်ထန်ဖြစ်ခဲ့သော်လည်း တိုင်းပြည်နှင့် လူမျိုးအတွက် အသက်ပေးဆပ်ထားသူပီပီ စစ်သည်ရဲဘော်ရဲဘက်များနှင့် လက်တွဲမဖြုတ် သံမဏိစိတ်ဓာတ်ဖြင့် ရန်သူကို မကြောက်မရွံ့ တိုက်ပွဲဝင်ခဲ့ကြသည်။ စစ်ဆင်ရေးတို့မည်သည် ရန်သူအလစ်အငိုက်ရှိမည့်အချိန်အခါကို တွက်ချက်၍ ဆင်နွှဲကြသည်ဖြစ်ရာ ချီတက်ချိန်တို့သည် ညဘက်ချည်းသာဖြစ်၍ ကြယ်ရောင်၊ လရောင်တို့ကို အားကိုးခဲ့ရသည်။ အစားဆင်းရဲ၊ အနေဆင်းရဲ၊ သောက်စရာ ရေပင်မရှိ ဖြစ်ခဲ့ရသည်။ နောက်ဆုံးတွင် တရားသောစစ်ပွဲကို ဆင်နွှဲကြသည့် ပြည်သူ့တပ်မတော်ကသာ အောင်ပွဲရသည်ချည်းဖြစ်သည်ကို ရိုးရှင်းပြေပြစ်သော စကားပြေအရေးအသား၊ ရုပ်ရှင်ဇာတ်ကားကောင်းတစ်ကားကို ကြည့်ရှုနေရသကဲ့သို့ စိတ်ဝင်စားဖွယ် သရုပ်ဖော်တင်ပြနိုင်စွမ်းရှိသည်ကို တွေ့ရသည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ကျပ် ၃၀၀၀ ဖြင့် အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁၈-၂၄၉၀၃၁၊ ၀၁၈-၃၈၁၄၄၈)၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ ၀၉-၄၄၉၅၄၀၆၆၇)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆) နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်၊ အရောင်းဌာန (ဖုန်း ၀၁၈-၂၄၉၀၃၁၊ ၀၁၈-၃၈၁၄၄၈) သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူလူထု ပူးပေါင်းပါဝင်သော သစ်ပင်စိုက်ပျိုးခြင်းအစီအစဉ် အသိပညာပေးဆွေးနွေး

ဟိုပုံး ဇူလိုင် ၁၄

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ ပြည်သူလူထုပူးပေါင်းပါဝင်သော သစ်ပင်စိုက်ပျိုးခြင်း အစီအစဉ် အသိပညာပေးဆွေးနွေးပွဲကို ဇူလိုင် ၁၃ ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အဆင့်ရုံးရှိ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဆင့်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်အိအိသန်းနှင့် ဟိုပုံးမြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇော်လှိုင်ဆွေတို့က သစ်တောဦးစီးဌာနအနေဖြင့် နှစ်စဉ်စီးပွားရေးစိုက်ခင်း၊ ရေဝေရေလဲစိုက်ခင်း၊ စက်မှုကုန်ကြမ်းစိုက်ခင်း၊ ကျေးရွာသုံးစိုက်ခင်း၊ ဒီရေတောစိုက်ခင်းနှင့် အခြားစိုက်ခင်း အစရှိသည့် စိုက်ခင်းများ စိုက်ပျိုးနေမှုနှင့် လူထုဖြန့်ပျိုးပင်များအဖြစ် နှစ်စဉ်ပျိုးထောင်ဖြန့်ဝေပေးနေမှုများ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သစ်တောဦးစီးဌာနအနေဖြင့် ၂၀၂၄ ခုနှစ် မိုးရာသီတွင် သစ်မျိုး ၂၁ မျိုး၊ ပျိုးပင်ပေါင်း ၈၅၉၀၀ ခန့်ပျိုးထောင်ကာ အင်းလေးကန်ရေဝေရေလဲဒေသ ထိန်းသိမ်းရေး၊ ပေါင်းလောင်းဆည်ရေဝေရေလဲဒေသ ထိန်းသိမ်းရေး၊ မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးအစရှိသည့် စီမံကိန်းနှင့် စီမံချက်များအရ သစ်ပင်များစိုက်ပျိုးနေမှုများနှင့် စိုက်ပျိုးပြီး သစ်ပင်များကို ပြည်သူတို့၏ ပူးပေါင်းပါဝင်မှုဖြင့် ဆက်လက်ပြုစုထိန်းသိမ်းရေး၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် စိုက်ပျိုးသင့်သည့် ပျိုးပင်များအကြောင်းနှင့် သစ်တောဥပဒေအရ ပြည်သူများအနေဖြင့် သစ်ပင်စိုက်ပျိုး၊ ထုတ်လုပ်ရောင်းချခြင်း စသည်တို့ကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**

# မဟော်သဓာကိုယ်ပိုင်အထက်တန်းကျောင်း၌ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြော

တာမွေ ဇူလိုင် ၁၄

မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း (မြန်မာ) ဗဟို၏ ဦးဆောင်စီစဉ်မှုဖြင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် ပညာဝေဖြာ မဟော်သဓာ ကိုယ်ပိုင်အထက်တန်းကျောင်းတို့ ပူးပေါင်း၍ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး ဟောပြောပွဲကို ရန်ကုန်မြို့ လှည်းကူးမြို့နယ်ရှိ မဟော်သဓာကိုယ်ပိုင် အထက်တန်းကျောင်း စုဝေးခန်းမ၌ ဇူလိုင် ၁၄ ရက်က ကျင်းပသည်။

ဟောပြောပွဲတွင် မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း (မြန်မာ) ဗဟိုမှ ဥက္ကဋ္ဌ ဦးစံရှိန်က ဟောပြောပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး မူးယစ်ဆေးဝါး တားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့ မူယစ် တပ်ဖွဲ့စု (၄၀) မှ ရဲမှူး သန်းထွဋ်က မြန်မာနိုင်ငံတွင်လက်ရှိ ဆောင်ရွက်လျက်ရှိသည့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး လုပ်ငန်းများနှင့် ပြစ်မှုပြစ်ဒဏ်များနှင့်ပတ်သက်၍ ဟောပြောသည်။ ဆက်လက်၍ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေး အသင်း (မြန်မာ) ဗဟိုမှ အတွင်းရေးမှူး ဒေါ်ခင်ခင်ဝင်းက မူးယစ်ဆေးဝါးနှင့် ဆက်နွှယ်သည့် HIV/ AIDS ရောဂါအပါအဝင် ကူးစက်ရောဂါများ အကြောင်းကိုလည်းကောင်း၊ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေး အသင်း(မြန်မာ) ဗဟိုမှကျောင်းသားလူငယ်ထု ဆက်သွယ်ရေးသံတမန်



ဟာသပညာဖန်တီးမှု ထူးချွန်ဆုရ ဟာသသရုပ်ဆောင် လူရွှင်တော် ဦးချစ်ချောက ကွမ်းစားခြင်း၊ ဆေးလိပ်/ အရက်သောက်သုံးခြင်းနှင့် ကော်ရှူခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေး ထိခိုက်မှုများကို လည်းကောင်း ဟောပြောကာ ဟောပြောပွဲအပြီးတွင် မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် အသိပညာပေး လက်ကမ်းစာစောင်များကို ကျောင်းသားကျောင်းသူများထံ ဖြန့်ဝေပေးခဲ့ကြသည်။

**နိုင်လင်းအောင် (ပြန်/ဆက်)**

## တောတောင်ခြောက်ခန်း၊ လယ်ယာနွမ်း၏

# ကံမမြို့နယ်၌ ရေ၀တီမြစ်ရေမြင့်တက်လာမှုကြောင့် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအချို့ရှိလူနေအိမ်များအတွင်း မြစ်ရေဝင်ရောက်မှုများဖြစ်ပွား

**ကံမ ဇူလိုင် ၁၄**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်၌ ဧရာဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအချို့ရှိ ဧရာဝတီမြစ်ကမ်းနံဘေးနှင့် မြေနိမ့်ပိုင်းများရှိ လူနေအိမ်များအတွင်း မြစ်ရေဝင်ရောက်မှုများ ဖြစ်ပွားလျက်ရှိရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအုန်းငွေး၏ ဦးဆောင်မှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်မီးသတ် ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ကျန်းမာရေးဝန်ထမ်းများ၊ တာဝန်ရှိသူများက စဉ်ဆက်မပြတ် ကွင်းဆင်းကြည့်ရှုစစ်ဆေးခြင်း၊ လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ဘေးလွတ်ရာနေရာများသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ ရေဘေးသင့်ပြည်သူများအတွက် ယာယီနေထိုင်မည့်နေရာ စီစဉ်ပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဧရာဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် ယနေ့နံနက်ပိုင်း အချိန်အထိ ကံမမြို့ပေါ်ရပ်ကွက်များနှင့် မြို့နယ်အတွင်း ဓမ္မသော်ကျေးရွာအုပ်စု ရေလယ်ကျွန်းကျေးရွာ၊ ကုန်းသောင်ကျေးရွာအုပ်စု ရေလယ်တောင်ကျေးရွာ၊ မြဝတီကျေးရွာအုပ်စု မြဝတီကျေးရွာ၊ ဂွန်းတောင်ကျေးရွာအုပ်စု ဂွန်းတောင်ကျေးရွာ၊ စစ္စရံကျေးရွာအုပ်စု စစ္စရံကျေးရွာနှင့် ကျွန်းကလေးကျေးရွာအုပ်စု ကျွန်းကလေးကျေးရွာတို့မှ ဧရာဝတီမြစ်ကမ်းနံဘေးနှင့် မြေနိမ့်ပိုင်းများရှိ လူနေအိမ်များအတွင်း မြစ်ရေများ ဝင်ရောက်လျက်ရှိပြီး သက်ဆိုင်ရာတာဝန်ရှိသူများက ဒေသခံပြည်သူများနှင့်အတူ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဝိုင်းဝန်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကျော်ဇေယျဝင်း(ကံမ)**






ရေဘေးသင့်ပြည်သူများ၏ အသုံးအဆောင်များကို ရွှေ့ပြောင်းပေးနေသော မီးသတ်တပ်ဖွဲ့ဝင်များ။

# ညောင်ဦးမြို့၌ ရေဘေးသင့်ပြည်သူများအား ဘေးလွတ်ရာသို့ ကူညီပြောင်းရွှေ့ပေး

**ညောင်ဦး ဇူလိုင် ၁၄**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့၌ ဧရာဝတီမြစ်ရေဝင်ရောက်သည့် အမှတ်(၁)ရပ်ကွက်၊ အမှတ်(၂)ရပ်ကွက်နှင့် အမှတ်(၄)ရပ်ကွက်ရှိ ရေဘေးသင့် အိမ်ထောင်စုများ အန္တရာယ်ကင်းဝေးစေရန်အတွက် ဇူလိုင် ၁၄ ရက် နံနက်ပိုင်းတွင် ခရိုင်နှင့်မြို့နယ်ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များက လူနှင့်နေအိမ်ရှိ ပစ္စည်းများကို ဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေးခဲ့ကြောင်း သိရသည်။

ညောင်ဦးခရိုင် မီးသတ်ဦးစီးမှူး ဦးသက်နိုင်၏ ကြီးကြပ်မှုဖြင့် ဦးစီးအရာရှိ ဦးကျော်နိုင်လင်း ဦးဆောင်သော ခရိုင်နှင့်မြို့နယ် ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များက ညောင်ဦးမြို့ အမှတ်(၅)အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဝံသာနုရက္ခိတ ပရဟိတအဖွဲ့ဝင်များနှင့် ပူးပေါင်းပြီး ညောင်ဦးမြို့ အမှတ်(၁)ရပ်ကွက်၊ အမှတ်(၂)ရပ်ကွက်နှင့် အမှတ်(၄)ရပ်ကွက်ရှိ အိမ်ထောင်စု ၁၁၀၈ စု (ရေဘေးသင့်ပြည်သူ ၄၅၄၂ ဦး)နှင့် ရေဝင်ရောက်သည့် အိမ်များမှ အသုံးအဆောင်ပစ္စည်းများကို ရေဘေးလွတ်ရာ အိမ်အပေါ်ထပ်သို့ ပြောင်းရွှေ့ပေးခြင်း၊ ဆွေမျိုးသားချင်းများ၏ နေအိမ်များသို့ ပြောင်းရွှေ့ပေးခြင်းနှင့် ယာယီရေဘေးရှောင်စခန်းများသို့ ကူညီရွှေ့ပြောင်း သယ်ဆောင်ပေးခြင်းများ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ညောင်ဦးမြို့၌ ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် အမှတ်(၁၊ ၂၊ ၃၊ ၄၊ ၅၊ ၇)ရပ်ကွက်များနှင့် မြစ်ကမ်းဘေးအနီး ကျေးရွာများတွင် မြစ်ရေဝင်ရောက်လျက်ရှိပြီး ရေဘေးသင့်ပြည်သူများ အန္တရာယ်ကင်းစွာ နေထိုင်နိုင်ရေးအတွက် ခရိုင်နှင့်မြို့နယ်သဘာဝဘေးအန္တရာယ်လုပ်ငန်းကြီးကြပ်မှုကော်မတီ၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ် ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်းပြီး ရေဘေးရှောင်စခန်း ၂၀ အထိ ဖွင့်လှစ်၍ လိုအပ်သော ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

# လေးမျက်နှာမြို့နယ်၌ သဘာဝဘေးအန္တရာယ် ရေပြင်ရှာဖွေကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်

**လေးမျက်နှာ ဇူလိုင် ၁၄**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့၌ သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာပါက ကယ်ဆယ်ရေးလုပ်ငန်းများ ထိရောက်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့နှင့် လူမှုအသင်းအဖွဲ့များ ပူးပေါင်း၍ အမှတ်(၅)ရပ်ကွက် စိန်အောင်မင်းဆိပ်ကမ်းတွင် သဘာဝဘေးအန္တရာယ် ရေပြင်ရှာဖွေကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို ဇူလိုင် ၁၃ ရက်က ပြုလုပ်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးသိန်းထိုက်နှင့် အဖွဲ့ဝင်များက လိုက်လံကြည့်ရှုအားပေးကြသည်။

ဦးစွာ မြို့နယ်မီးသတ်ဦးစီးဌာန မီးသတ်စခန်းတွင် သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အသင့်တုံ့ပြန်ဆောင်ရွက်နိုင်ရေး စုဖွဲ့ထားရှိမှုနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံးပစ္စည်းများ ပြင်ဆင်ဆောင်ရွက်ထားရှိမှုတို့ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးသိန်းထိုက်နှင့် အဖွဲ့ဝင်များက လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲနောင်ဝင်းက ပြင်ဆင်ဆောင်ရွက်ထားရှိမှုတိုကို ရှင်းလင်းတင်ပြပြီးနောက် မီးသတ်တပ်ဖွဲ့ဝင်များက ရေပြင်ရှာဖွေကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်မှုကို စိန်အောင်မင်းဆိပ်ကမ်းရှိ မြစ်အတွင်း ပြုလုပ်ရာ တာဝန်ရှိသူများက ကြည့်ရှုအားပေးသည်။

**မိုးသက်ကို(ပြန်/ဆက်)**






သစ်ပင်နည်းလာ တို့ကမ္ဘာ၊ လွန်စွာပူအေး ဥတုဘေး

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဒေါ်နီလာကျော် (၁၀/သဖရ(နိုင်)၀၅၆၇၄၂)၏သားဖြစ်သူ ဦးဖြိုးသူမင်း (၁၂/ဥကတ (နိုင်) ၁၆၇၅၀၃)သည် မိခင်ဖြစ်သူ၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိခင်ဖြစ်သူ၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိပါသဖြင့် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်နီလာကျော်၏ လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဦးခင်မောင်ဦး | ဒေါ်လင်းလင်းထက် |
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## ဖခင်အမည်မှန်

ဝမ်းတွင်းမြို့နယ်၊ ရွှေတောင်ကျေးရွာအုပ်စု၊ ရွှေကန်ကျေးရွာနေ မလှိုင်မြို့ IC ကိုယ်ပိုင်အထက်တန်းကျောင်း G-12မှ မရွှေအိမ်ပြည့်နှင့် အ.ထ.က၊ ရွှေတောင် G-7 မှ မလဝန်းပြည့်တို့၏ ဖခင်အမည်မှန်မှာ ဦးစိုး ဖြစ်ပါကြောင်း။

**ဦးစိုး ၉/ဝတန(နိုင်)၁၁၀၂၂၉**

## ဖခင်အမည်မှန်

နေပြည်တော်၊ တပ်ကုန်းမြို့၊ အထက(၂) G-10 တန်းမှ မအေးစုမွန်၏ ဖခင်အမည်မှန်မှာ ဦးထွန်း ၉/တကန(နိုင်)၁၁၄၈၆၈ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

နေပြည်တော်၊ တပ်ကုန်းမြို့၊ အထက(၂) G-10 တန်းမှ မမြတ်ကေရီ၏ ဖခင်အမည်မှန်မှာ ဦးသက်နိုင်ဦး ၁၄/ဖပန(နိုင်) ၁၀၃၃၉၀ ဖြစ်ပါကြောင်း။

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် ခခ-၃၊ ဦးပိုင်အမှတ်(၁၈)၊ ၅၇လမ်းပေါ်မျက်နှာပြု၊ ၁၀၂X၁၀၃ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးညွန့်၏(SPရရှိသူ ဦးဝင်းကျော်စွာ)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် အမှတ်(၁၀၃၃/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နန်းမိုဟွမ် ၁၃/မဆတ(နိုင်) ၀၃၄၈၅၈ က အမှုတွဲအမှတ် (၂၀၉၁/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ က ရပ်ကွက်၊ အကွက်အမှတ် ယ-၅၊ ဦးပိုင်အမှတ်(၂၆)၊ ၆၉(A)လမ်း၊ မြဝတီလမ်းထောင့်ရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်သန်းငွေ၏(SP ရရှိသူ ဦးဌေးမောင်) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၄၂၆/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်အိမြတ်နန္ဒာမိုး ၉/ခမစ(နိုင်) ၀၅၈၃၇၂ က အမှုတွဲအမှတ်(၂၀၉၉/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ပန်းတနော်မြို့၊ မြို့ကွက်သစ်ရပ်ကွက်၊ အကွက်အမှတ်(၃၊ မြို့ကွက်သစ်)၊ ဦးပိုင်အမှတ်(၁၉၊ ၂၀)၊ ဧရိယာ(၀ဒသမ၀၂၇၅)ဧကရှိ မြေအား မအူပင်ခရိုင်၊ ပန်းတနော်မြို့၊ မြို့ကွက်သစ်ရပ်ကွက်၊ ဗောဓိ(၁)လမ်းနေ ဒေါ်ပွင့်ရွှေရည်သွေးမှ မြေငှားဂရန်အသစ် လျှောက်ထားမှုနှင့်ပတ်သက်၍ ပိုင်ဆိုင်မှု အထောက်အထားများနှင့်အတူ မအူပင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ တင်ပြလျှောက်ထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာစာပါသည့်ရက်မှ ၁၅ရက်အတွင်း ပန်းတနော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မအူပင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ပွင့်ရွှေရည်သွေး**
**၁၄/ပတန(နိုင်) ၁၄၂၀၃၂**
**ဗောဓိ(၁)လမ်း၊ မြို့ကွက်သစ်ရပ်ကွက်၊ ပန်းတနော်မြို့**

## ဘိုးဘပိုင်မြေအမည်ပြောင်း လျှောက်ထားကြောင်းကြေညာစာ

သထုံမြို့၊ အောက်ကျင်းရပ်ကွက်၊ အကွက်အမှတ်(၅၇)၊ မူဆာတန်းအကွက်၊ ဦးပိုင်အမှတ် (၅၇)၊ မြေဧရိယာ(၀.၅၂၇) ဧကအနက်မှ(၀.၄၃၅)ဧကရှိ မြေကွက်အား အရှေ့ဘက်-ရေမြောင်း၊ အနောက်ဘက်-ဦးပိုင်အမှတ်(၅၇)၊ တောင်ဘက်-လေသာလမ်း၊ မြောက်ဘက်-ဦးပိုင်အမှတ်(၅၆)ရှိမြေကို (ဘိုးဘပိုင်မြေအမည်ပြောင်း)ပေးရန် ဦးလှတင်မှ လျှောက်ထားလာသည့်အတွက် ဦးလှတင်၏အမည်သို့ ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူ များရှိပါက ၂၀၂၄ခုနှစ်၊ ဩဂုတ်လ(၃) ရက်နေ့မတိုင်မီဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး၊ သထုံမြို့ထံ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက် တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာ လိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး၊ သထုံမြို့နယ်မြေစာရင်းဦးစီးဌာန၊ သထုံမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်.၅ရပ်ကွက်၊ အကွက်အမှတ် ခ.၆၊ ဦးပိုင်အမှတ်(၂၀)၊ ၆၈လမ်း၊ ၁၁၁x၁၁၂ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးညို ၏(SP ရရှိသူ ဦးတင်မောင်ကြည်) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်(၁၅၁၅/၂၀၂၄)ဖြင့်ဝယ်ယူခဲ့သူ ဒေါ်ခင်စန်းကြည် ၅/ခတန (နိုင်) ၀၀၀၂၆၄က အမှုတွဲအမှတ်(၂၀၉၄/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ် ဆ-၅၊ ဦးပိုင်အမှတ် (၃၉)၊ ၆၈X၆၉လမ်းကြား၊ ၁၀၈X၁၀၉လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမြင့်လွင်၏ (SPရရှိသူ ဒေါ်မေဇော်စိုး)ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ်(၆၅၁/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ မောင်ခန့်ဇင်ဦး ၉/ခမစ(နိုင်)၁၀၉၃၁၉၊ မောင်အောင်ဇင်ဖြိုး ၉/ခမစ(နိုင်) ၁၀၉၃၂၀၊ မရွှန်းလဲ့အိမ်(အရွယ်မရောက်သေးသူ)တို့ကအမှုတွဲအမှတ် (၂၀၉၂/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊အကွက် အမှတ် ဖ.၇၊ ဦးပိုင်အမှတ်(၃၂)၊ ၅၇ လမ်း၊ ၁၁၁x၁၁၂လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သော ကုန်သွယ်ရေးဦးစီးဌာနက အမှုတွဲအမှတ် (၂၀၆၀/၂၀၂၄-၂၀၂၅)ဖြင့်သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ် ၆၊ ဦးပိုင်အမှတ်(၃၀-ခ/ခဲစင်း)၊ ၅၂X၅၃လမ်းကြား၊ ၁၀၂x၁၀၃လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးသိန်းကို ၉/ပသက(နိုင်)၀၁၂၄၁၇က အမှုတွဲအမှတ် (၂၀၉၈/၂၀၂၄-၂၀၂၅)ဖြင့် ဦးပိုင်ခွဲ၊ သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၅ရပ်ကွက်၊ အကွက်အမှတ်(က.၈)၊ ဦးပိုင်အမှတ်(၁/၆၇)၊ ၇၂x၇၃လမ်းကြား၊ စိန်ပန်းလမ်းနှင့် မန္တလေး-လားရှိုးသံလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဘိန်ဟင်း(ခ) ခွေးလေး၏ (SP ရရှိသူ ဒေါ်မေရင်(ခ)ဒေါ်သန်းသန်းအေး)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၁၆၃/၂၀၂၄)ဖြင့်ဝယ်ယူခဲ့သူ ဦးမျိုးဝင်းအောင် ၉/ခအဇ(နိုင်) ၀၀၇၉၃၁က အမှုတွဲအမှတ်(၂၀၈၄/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၅)ရပ်ကွက်၊ အကွက်အမှတ်(က-၈)၊ ဦးပိုင်အမှတ် (၁/၆၆)၊ ၇၂X၇၃လမ်းကြား၊ စိန်ပန်းလမ်းနှင့် မန္တလေး-လားရှိုးသံလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဘိန်ဟင်း(ခ)ခွေးလေး၏(SPရရှိသူ ဒေါ်မေရင်(ခ)ဒေါ်သန်းသန်းအေး)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၁၆၄/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးမျိုးဝင်းအောင် ၉/ခအဇ(နိုင်)၀၀၇၉၃၁ကအမှုတွဲအမှတ်(၂၀၈၃/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၅ရပ်ကွက်၊ အကွက်အမှတ်(က.၈)၊ ဦးပိုင်အမှတ်(၁/၄၃)၊ ၇၂x၇၃လမ်းကြား၊ စိန်ပန်းလမ်းနှင့် မန္တလေး-လားရှိုးသံလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဘိန်ဟင်း(ခ)ခွေးလေး၏ (SP ရရှိသူ ဒေါ်မေရင်(ခ)ဒေါ်သန်းသန်းအေး)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာ ချုပ်အမှတ်(၂၁၆၁/၂၀၂၄)ဖြင့်ဝယ်ယူခဲ့သူ ဒေါ်လောဆို ၉/မရတ(ပြု) ၀၀၀၀၀၁က အမှုတွဲအမှတ်(၂၀၈၁/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၅ရပ်ကွက်၊ အကွက်အမှတ်(က-၈)၊ဦးပိုင်အမှတ်(၁/၈၆)၊ ၇၂x၇၃လမ်းကြား၊ စိန်ပန်းလမ်းနှင့် မန္တလေး-လားရှိုးသံလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဘိန်ဟင်း(ခ)ခွေးလေး၏ (SP ရရှိသူ ဒေါ်မေရင်(ခ)ဒေါ်သန်းသန်းအေး)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၁၆၀/၂၀၂၄)ဖြင့်ဝယ်ယူခဲ့သူ ဒေါ်လောဆို ၉/မရတ(ပြု) ၀၀၀၀၀၁က အမှုတွဲအမှတ်(၂၀၈၉/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၅ရပ်ကွက်၊ အကွက်အမှတ်(က.၈)၊ ဦးပိုင်အမှတ်(၁/၈၇)၊ ၇၂x၇၃လမ်းကြား၊ စိန်ပန်းလမ်းနှင့် မန္တလေး-လားရှိုးသံလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဘိန်ဟင်း(ခ) ခွေးလေး၏ (SP ရရှိသူ ဒေါ်မေရင်(ခ)ဒေါ်သန်းသန်းအေး)ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ်(၂၁၆၂/၂၀၂၄)ဖြင့်ဝယ်ယူခဲ့သူ ဒေါ်လောဆို ၉/မရတ(ပြု) ၀၀၀၀၀၁က အမှုတွဲအမှတ်(၂၀၉၀/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၅)ရပ်ကွက်၊ အကွက်အမှတ် ခ-၆၊ ဦးပိုင်အမှတ်(၂၀)၊ ၆၈လမ်း၊၁၁၁X၁၁၂လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးညို၏(SPရရှိသူ ဦးတင်မောင်ကြည်)ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ်(၁၅၁၅/၂၀၂၄) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခင်စန်းကြည် ၅/ခတန(နိုင်)၀၀၀၂၆၄ က အမှုတွဲအမှတ် (၂၀၉၄/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ် ၁၃၊ ဦးပိုင်အမှတ်(၇၃-က)၊ ၅၁လမ်း/၁၀၃x၁၀၄ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးသန်းစိန်၏(GP ရရှိသူ ဒေါ်ခင်မမ) ထံမှ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်အမှတ်(၂၅၇၀/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ဖြိုးမမ ၁၃/ကမန(နိုင်) ၀၈၄၄၃၀က အမှုတွဲအမှတ်(၂၀၉၃/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် (၂၀၂၄-၂၀၂၅) ဘဏ္ဍာရေးနှစ်၊ သာမန်အသုံးစရိတ်ရန်ပုံငွေဖြင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် လိုအပ်သော Water Purification Tablet/Packet များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီလုပ်ငန်းများအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင်လာရောက်ရယူနိုင်ပါသည်။ တင်ဒါတင်သွင်းလွှာအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| တင်ဒါအမှတ် | - | Tender.9.Water Purification Tablet/Packet (2024-2025) |
| တင်ဒါတင်သွင်းလွှာပုံစံ ရောင်းချမည့်ရက် | - | ၁၅ - ၇ -၂၀၂၄ ရက်နေ့ |
| တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန် | - | ၂၉ - ၇ -၂၀၂၄ ရက်နေ့၊ မွန်းတည့်(၁၂:၀၀)နာရီ |

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇၃၄၃၁၀၈၅/ ၀၆၇၃၄၃၁၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေး ရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်း ကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၉)ရပ်ကွက်၊ အကွက်အမှတ်(၂၀.က)၊ အကွက်အမည် (ကွေ့ကြီးအရှေ့)၊ ဦးပိုင်အမှတ်(၄၃)၊ ဧရိယာ(၀ဒသမ၀၈၂)ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်-

(က) အရှေ့လားသော်- ဦးပိုင်အမှတ်(၄၆။ ၄၁)
(ခ)အနောက်လားသော်- ဦးပိုင်အမှတ်(၄၂.က။ ၄၄)
(ဂ) တောင်လားသော်- ဦးပိုင်အမှတ်(၃၉.ဃ။ ၃၉.င)
(ဃ) မြောက်လားသော်- ဦးပိုင်အမှတ်(လမ်း)

အထက်ဖော်ပြပါ မြေကို(ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဦးရဲဒင်၊ ဦးကျော်စွာထွန်းတို့မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်သို့ ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၄ခုနှစ်၊ ဩဂုတ် လ ၂၁ရက် မတိုင်မီ ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူ မရှိဟု ယူဆပြီး ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်မြေစာရင်းဦးစီးဌာန၊ မြင်းခြံမြို့နယ်**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၅ရပ်ကွက်၊ အကွက်အမှတ်(က-၈)၊ ဦးပိုင်အမှတ်(၁/၅၈)၊ ၇၂x၇၃လမ်းကြား၊ စိန်ပန်းလမ်းနှင့် မန္တလေး-လားရှိုးသံလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဘိန်ဟင်း(ခ) ခွေးလေး၏ (SP ရရှိသူ ဒေါ်မေရင်(ခ)ဒေါ်သန်းသန်းအေး)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၁၅၉/၂၀၂၄)ဖြင့်ဝယ်ယူခဲ့သူ ဦးဌေးမြင့် ၁/မကန(ဧည့်) ၀၀၁၃၇၁က အမှုတွဲအမှတ်(၂၀၈၂/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၅ရပ်ကွက်၊ အကွက်အမှတ်(က.၈)၊ ဦးပိုင်အမှတ်(၁/၇၄)၊ ၇၂x၇၃လမ်းကြား၊ စိန်ပန်းလမ်းနှင့် မန္တလေး-လားရှိုးသံလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဘိန်ဟင်း(ခ) ခွေးလေး၏ (SP ရရှိသူ ဒေါ်မေရင်(ခ)ဒေါ်သန်းသန်းအေး)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၁၅၆/၂၀၂၄)ဖြင့်ဝယ်ယူခဲ့သူ ဦးဌေးမြင့် ၁/မကန(ဧည့်) ၀၀၁၃၇၁က အမှုတွဲအမှတ်(၂၀၈၅/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်၊ ၆၆(စီ)လမ်း၊ ၁၀၅ x ၁၀၆ လမ်းကြား၊ အိမ်အမှတ် (G-57)နေ ဦးဝင်းခိုင် + ဒေါ်သန်းသန်းနွယ် တို့၏သမီးဖြစ်သူ မခင်အေးချမ်း (ခ) မအေးလဲ့လဲ့ (၉/သပက(နိုင်)၀၈၇၆၃၀) ကိုင်ဆောင်သူသည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲ ၎င်းသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် (၇-၇-၂၀၂၄)ရက်နေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် မခင်အေးချမ်း (ခ) မအေးလဲ့လဲ့ နှင့်ပတ်သက်သော လူမှုရေး၊ စီးပွားရေး အခြားမည်သည့်ကိစ္စအရှုပ်အရှင်းကိုမှ (လုံး၀)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ဥမ္မာထွန်း (LL.B)၊ (တရားလွှတ်တော်ရှေ့နေ)(စဉ်-၁၆၃၆၆)**
**အောင်မင်္ဂလာ(၁)ရပ်ကွက်၊ ပုသိမ်ကြီးမြို့။ ဖုန်း-၀၉ ၇၉၄ ၁၄၆ ၅၉၉**

# စစ်တက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၇)နှစ်အောက် မငယ်ရ၊ (၂၀)နှစ်ထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) ၂၀၂၄ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် ၂၀၂၄ ခုနှစ်၊ ဇွန်လ (၁၇) ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၁၅) ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ်ဗိုလ်လောင်း သင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုး ညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ(၁) ရက်နေ့တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၇)နှစ်အောက် မငယ်ရ၊ (၂၀)နှစ်ထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) ၂၀၂၄ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် ၂၀၂၄ ခုနှစ်၊ ဇွန်လ (၁၇) ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၁၅) ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာ တက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ(၃၁) ရက်နေ့တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

# တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၇)နှစ်အောက် မငယ်ရ၊ (၂၀)နှစ်ထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) ၂၀၂၄ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ဖြေဆို အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် ၂၀၂၄ ခုနှစ်၊ ဇွန်လ (၁၇) ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၁၅) ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ(၃၀)ရက်နေ့တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

# တပ်မတော်ဆေးတက္ကသိုလ် အမျိုးသမီးဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၇)နှစ်အောက် မငယ်ရ၊ (၂၀)နှစ်ထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၃၀)ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) ၂၀၂၄ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် ၂၀၂၄ ခုနှစ်၊ ဇွန်လ (၁၇) ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၁၅) ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ(၃၀)ရက်နေ့တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

## ဖခင်အမည်မှန်

ဝေါမြို့နယ်၊ အထက (ဖိုးစပါယ်)ကျောင်း Grade-10မှ မောင်ပိုင်ခန့်ထူး၏ ဖခင်အမည်မှန်မှာ ဦးမင်းအောင် ၇/ဝမန (နိုင်)၁၄၀၉၃၉ ဖြစ်ပါကြောင်း။

**ဦးမင်းအောင်**

## ဖခင်အမည်မှန်

စစ်ကိုင်းမြို့၊ အထက(၁) ကျောင်း Grade-6 မှ မပြည့်ပြည့်ဝင်း၏ဖခင် ဦးဝင်းဇော်ဦး အမည်မှန်မှာ ဦးပြည့်ကျော် ၅/စကန(နိုင်)၃၁၅၀၀၁ ဖြစ်ပါကြောင်း။

**ဦးပြည့်ကျော်**
**၅/စကန(နိုင်)၃၁၅၀၀၁**

## နိုင်ငံကူးလက်မှတ်ပျောက်ဆုံး

ပုသိမ်ခရိုင်၊ သာပေါင်းမြို့နယ်၊ လေ့ကြီးတက်ကျေးရွာအုပ်စု၊ လေ့ကြီးတက်ကျေးရွာနေ ဦးဝင်းခိုင်-ဒေါ်ညိုညိုစန်းတို့၏ သမီးဖြစ်သူ မသဉ္ဇာထက်စု ၁၄/သပန(နိုင်)၁၈၃၆၆၂ ၏ နိုင်ငံကူးလက်မှတ် MH-461964 မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိသူများသည် အောက်ပါ ၀၉-၄၂၉၀၀၀၅၉၉သို့ အကြောင်းကြားပေးပါရန်။

## ဖခင်အမည်မှန်

ဝေါမြို့နယ်၊ အမက(မူလွန်) ဖိုးပြန်ကျောင်း Grade-6မှ မောင်ထိုက်မှူးပြည့်နှင့် KG မှ မောင်အောင်ခန့်မှူးတို့၏ ဖခင်အမည်မှန်မှာ ဦးမင်းအောင် ၇/ဝမန(နိုင်)၁၄၀၉၃၉ ဖြစ်ပါကြောင်း။

**ဦးမင်းအောင်**

## ဖခင်အမည်မှန်

သန်လျင်မြို့၊ အုတ်ဖိုစုရပ်ကွက်၊ အခြေခံပညာ မူလတန်းလွန်ကျောင်းတွင် ပညာသင်ယူနေသည့် မောင်ကျော်ဇင်ဖြိုး( Grade-5)နှင့် မောင်ကောင်းစစ်သွေး (Grade-2)တို့ကျောင်းအပ်နှံစဉ်က ဖခင်အမည်ကို ဦးဟန်ဇင်အောင်ဟု မှားယွင်းဖော်ပြမိခဲ့ပြီး ဖခင်အမည်မှန်မှာ ဦးမျိုးလွင်(၁၂/သလန(နိုင်)၁၇၈၀၁၁)ဖြစ်ပါကြောင်းနှင့် အမည် ကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းသာဖြစ်ပါကြောင်း ကြေညာပါသည်။

**ဦးမျိုးလွင်၊ (၁၂/သလန(နိုင်)၁၇၈၀၁၁)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် BGO/9673 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဂျူးဂျူး ၇/ကဝန(နိုင်) ၁၆၄၂၇၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ပဲခူး)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် ဗ.၈၊ ဦးပိုင်အမှတ် (၁၄၀)၊ ၁၁၅လမ်းနှင့် ၅၈လမ်းထောင့်ရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ကြောင်ကွန်အိန်(ခ)ဒေါ်ကျင်၏(SPရရှိသူ ဦးဟန်စိန်(ခ)ဦးဌေးအောင်)ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ် (၁၂၇၀/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးဝင်းကိုကို ၉/မရမ(နိုင်)၀၀၃၃၀၆ က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၂၀၃၆/၂၀၂၄-၂၀၂၅)ဖြင့် တောမှ မြို့ပြောင်း သက်တမ်းတိုး၊ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီ ကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ် ဘ-၃၊ ဦးပိုင်အမှတ် (၁၄-က)၊ ၅၈x၅၉လမ်းကြား၊ ကျန်စစ်လမ်းနှင့် ပရံတော်ချောင်းကြားရှိ ဒေါ်ကြည်ကြည်အေး အမည်ပေါက် ဂရန်မြေကွက်အား ပထမခင်ပွန်း ဦးသန်းထွန်း၊ ဒုတိယခင်ပွန်း ဦးမျိုးသိန်း၊ဇနီးဖြစ်သူ ဒေါ်ကြည်ကြည်အေးတို့ အသီးသီးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၅၉/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သော သား/သမီးများဖြစ်သည့် ဦးမင်းဇော်ဟိန်း၊ ဒေါ်နေကြာမျိုးသိန်း၊ ဦးဇေယျာမျိုးသိန်းတို့၏(GPရရှိသူ ဒေါ်တင့်တင့်ဆွေ)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၅၆၅/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ငယ်ငယ်မြင့် ၈/ရစက (နိုင်)၁၀၁၀၃၄က အမှုတွဲအမှတ်(၁၉၈၆/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်(ဘ-၃)၊ ဦးပိုင်အမှတ်(၃.ခ)၊ ၅၈x၅၉လမ်းကြား၊ ကျန်စစ်လမ်းနှင့်ပရံတော် ချောင်းကြားရှိ ဒေါ်ကြည်ကြည်အေး အမည်ပေါက် ဂရန်မြေကွက်အား ပထမခင်ပွန်း ဦးသန်းထွန်း၊ ဒုတိယခင်ပွန်း ဦးမျိုးသိန်း၊ ဇနီးဖြစ်သူ ဒေါ်ကြည်ကြည်အေးတို့ အသီးသီးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်စာအမှတ်(၆၀/၂၀၂၃) ဖြင့် အမွေဆက်ခံခဲ့သော သား/သမီးဖြစ်သူ ဦးမင်းဇော်ဟိန်း၊ ဒေါ်နေကြာမျိုးသိန်း ၊ ဦးဇေယျာမျိုးသိန်းတို့၏(GP ရရှိသူ ဒေါ်တင့်တင့်ဆွေ)ထံမှ မှတ်ပုံတင်အရောင်း အဝယ်စာချုပ်အမှတ်(၁၅၆၇/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ငယ်ငယ်မြင့် ၈/ရစက(နိုင်)၁၀၁၀၃၄က အမှုတွဲအမှတ်(၁၉၈၅/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## တရားဝင်ကွာရှင်းပြတ်စဲပြီးကြောင်းနှင့် ပစ္စည်းခန်းခွဲဝေပြီးစီးကြောင်းအများသိစေရန် ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံးပျော်ခရိုင်၊ ကျောင်းကုန်းမြို့၊ အမှတ် (၂)ရပ်ကွက်၊ ဆေးရုံလမ်းနေ မောင်အာကာဦး ၁၄/ကကန(နိုင်)၁၆၅၆၆၈ နှင့် မဇင်ဝေဖြိုး ၁၄/ကကန(နိုင်) ၁၃၁၉၅၉တို့သည် (၈-၉-၂၀၂၃)ရက်တွင် နှစ်ဖက်သောမိသားစု အသိသက်သေများရှေ့မှောက်တွင် အစ္စလာမ်ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ တရားဝင်ကွာရှင်းခဲ့ပါသည်။ ထို့နောက် လင်မယားကွာရှင်းပြတ်စဲခြင်းနှင့် ပစ္စည်းခွဲဝေခြင်းကတိစာချုပ်ပြုလုပ်ချုပ်ဆိုကြပြီး ပစ္စည်းခန်းများလည်းခွဲဝေခဲ့ပါသည်။ ထို့ကြောင့် မောင်အာကာဦးနှင့်မဇင်ဝေဖြိုးတို့သည် ကွာရှင်းပြီးသည့် အချိန်မှစ၍ ယနေ့အချိန်အထိ တစ်ဦးနှင့်တစ်ဦးပတ်သက်ဆက်နွယ်မှုမရှိတော့ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ မဇင်ဝေဖြိုးနှင့်ပတ်သက်သည့် ကိစ္စအဝဝအားတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (မဇင်ဝေဖြိုးနှင့်ပတ်သက်သည့်ကိစ္စများအား စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **မောင်အာကာဦး၏ လွှဲအပ်ညွှန်ကြားချက်အရ-** |
| **မောင်အာကာဦး** | **ဦးရဲကျော်ထွန်း(LL.B)** |
| **၁၄/ကကန(နိုင်)၁၆၅၆၆၈** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၁၂၇/၁၆-၁-၂၀၁၈)** |
| | **အမှတ်(၃၂)၊ မင်းလမ်း(၂)ရပ်ကွက်၊ ကျောင်းကုန်းမြို့၊ ဖုန်း-၀၉-၄၂၂၄၆၆၅၃၆** |

## ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ရှုခင်းသာရပ်ကွက်၊ ပိတောက်လမ်း၊ တိုက်အမှတ်(E.4 )အခန်းအမှတ်(၁၀၃)၊ ပထမထပ်၊ အကျယ်အဝန်း (၂၂ပေ x ၃၂ ပေ)ရှိ တိုက်ခန်း(၁)ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

